


mgyoe.com
စိတ်ကူးချိုချိုအနုပညာ
mgyoe.com

mgyoe.com

# ပီ-မိုးနှင်း

ဝတ္ထုပဒေသာအမှတ်-၁၅

mgyoe.com

ဝတ္ထုပဒေသာ အမှတ် - ၁၅
ပီ-မိုးနင်း
mgyoe.com

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀ ၃၁၉ ၀၅၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀ ၃၇၉ ၀၅၁၂ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |

| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | - | အမ်အက်စ်ဒို |
| ကွန်ပျူတာဖလင် | - | အီးဂဲလ် |
| လက်ခွဲဖလင် | - | အေဇက် |
| စာအုပ်ချုပ် | - | သစ္စာ |

၈၉၅.၈၃
ပီ-မိုးနင်း
ဝတ္ထုပဒေသာ အမှတ် - ၁၅ / ပီမိုးနင်း၊ ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၂၊
စာမျက်နှာ ၂၄၂ မျက်နှာ၊
၁၂.၅ စင်တီ x ၁၈.၅ စင်တီ
(၁) ဝတ္ထုပဒေသာ အမှတ် - ၁၅

၂၀၁၂၊ ဇူလိုင်လ၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၂၀၀ ကျပ်

mgyoe.com

mgyoe.com

# မာတိကာ


၁။ တို့တောရွာ ၁

၂။ ကလေးမ ၆၆

၃။ ချမ်းခိုက်ခိုက်တုန် ၁၀၅

၄။ အလင်းရောင် ၁၂၉

၅။ လင်ယူမယ် ၁၅၉

၆။ တံခါးနီ ၁၇၇

၇။ စနေသမီး ၂၁၂

၈။ ရန်ကုန်သူ ၂၂၆


❋

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# တို့တောရွာ

## [ ၁ ]

လှိုင်မြစ်ကမ်းခြေရှိ အစိုနှင့်အခြောက် ရောနှောကာသောအရပ်များမှာ လေသံရေသံတို့မှတစ်ပါး အခြားအသံတို့ကို မကြားရချေ။ လောကဓာတ်မှာ စိုလျက် ရှာငယ်အိမ်စုကလေးများမှာ ခြောက်သဖြင့် အစိုနှင့်အခြောက်ဟု ဆိုရခြင်းဖြစ်လေ၏။ လယ်ပြင်များ၌ကား တံလျှပ်ထလျက် ပြိုးပြိုးပြက်၍နေလေရာ စိမ်းစိုသော ကွဲစားကျက်တောများသည် လှိုင်းထသော ပင်လယ်ပြင်ကျယ်၌ရှိသော ကျွန်းများနှင့်တူလေရာ နေရောင်၌ တောက်လောင်ရေများ၏ အလယ်၌ရှိသော စိမ်းလန်းသော ကျွန်းငယ်ကလေးများမှာကား စိန်ရံသည့် မြအလားလို မှတ်ထင်ရလေ၏။ တိမ်လိပ်တိမ်မြွှာ အဖြာဖြာယှက်သည့် ငှက်မွေးအလား၊ တိမ်ပါးတိမ်လွှာတို့မှာ နွေဥတု၏ သန္တေတည်ရန် ဟန်ပြင်၍ရသော ဥတု၏ဝိညာဉ်များနှင့်တူကြလေသတည်း။

ထိုအရပ်ဒေသ၏ အဆင်အသွင်နှင့် မညီမညွတ် ကြခတ်ရုံ၌ ပေါက်နေသော ရွက်လှပင်ပမာ အသွင်ခြားနားသည့် ယောကျာ်းပျိုကလေးတစ်ယောက်သည် တစ်ခုသောတောအိမ်နောက်ဖေး နွားတင်းကုပ်နံဘေးတောင်ပို့ပေါ်၌ထိုင်ကာ ဒူးပေါ်တွင်လက်တင်မေးထောက်ရင်း တွေ့ာက်

mgyoe.com

mgyoe.com


ပြောင်သော ရေတို့နှင့်လေထဲတွင် ရမ်းလှုပ်၍နေသော ငှက်ပျောပင်စုကလေးနှင့် တဲကလေးတစ်ခုရှိသော ကျွန်းကလေးကို ရှုမျှော်၍နေလေ၏။

ထိုယောက်ျားပျိုကလေး၏အသွင်မှာ မရှင်မပျ သောကအပူတို့၏ချည်ခင်ထွေးတွင် ရစ်ပတ်နှောင်ဖွဲ့ခြင်းကို ခံ၍နေရသူကလေးဖြစ်ကြောင်း အမှတ်တမဲ့ ချောင်းမြောင်းကြည့်ရှုမှသာ သိနိုင်ဖွယ်ရာရှိလေ၏။ အကြောင်းမူကား တစ်စုံတစ်ယောက်နှင့် တွေ့ကြုံစကားပြောဆိုသည့်အခါတိုင်း သောကမြူမှေးဟူ၍ တစ်စုံတစ်ရာကိုမျှ မသိဖူး မကြုံဖူးသူ တစ်ယောက်ဟု မှတ်ထင်ရလောက်အောင် ရွှင်ပျသောအသွင်ရှိလေ၏။

ကွယ်လွန်သောမိဘများ၏ ဆွေမျိုးဉာတိအနည်းငယ် ဤအရပ်မှာရှိသည်ဟုသိရသဖြင့် ဤချောင်ကျသောတောအရပ်သို့ ရောက်၍လာရာ ဆွေမျိုးများမရှိတော့သည်ကို တွေ့ရသဖြင့် မိတ်ဆွေသစ်တစ်ယောက်၏ အိမ်မှာ ခေတ္တတည်းခိုအကြဲယူ၍နေသော ယောက်ျားပျိုကလေးဖြစ်ရာ အဘယ်အကြောင်းကြောင့် လာရောက်ခိုလှုံနေသည်ဟူသော အကြောင်းကိုမူကား မည်သူမျှမသိရပေ။ အမျိုးမျိုးအဖုံဖုံတွေးသောအခါ ကျေးတောသူကျေးတောသားတို့၏ဘဝ ထိုယောက်ျားပျိုအပေါ်၌ မသကာသော စိတ်နှင့်အချင်းချင်းလက်ထိုးကာ ၎င်းအကြောင်းနှင့်ပတ်သက်၍ ထင်မြင်ချက်အမျိုးမျိုးကို ပေးကြလေသတည်း။ မီးရထားလမ်း မြို့လက်တစ်မြို့မှ လာရောက်ကြောင်းများကိုကား သိကြလေ၏။ အဘယ်မြို့ဟူ၍လည်းကောင်း၊ အဘယ်အကြောင်းဟူ၍လည်းကောင်း အမှန်ကိုကား မည်သူမျှမသိရပေ။ ၎င်း၏အတိတ်အဖြစ်အပျက်တို့မှာ စူးစမ်းကြံစည်ရာ နက်နဲချက်တစ်ခုဖြစ်၍ နေလေသတည်း။

သို့နေခိုက်တွင် မနီးမဝေးမှ သာယာသော တေးသံကလေးတစ်ခုကို ကြားရသဖြင့် ထိုင်းမှိုင်းလေးလံ ဝေမှုန်နေသည့်ဦးနှောက်မှာ မကြည်သာသော စိတ်၏မြူခိုးတို့ကို ထိုအသံသည် လေပြေပမာမောင်းနှင်၍ ပစ်သည်နှင့်တူသဖြင့် အသံကြားရာဘက်သို့ ခေါင်းမော့ရှုမျှော်ကာ နားစွင့်၍နေလေ၏။ ထိုတေးမှာ ပင်ချင်းငယ်ဆိုင် အင်ကြွင်းမြိုင်ရဂုံအောက်ဆီက

ယောက်ဖငယ်တန်ကြော်လို့၊ ကိုအောင်ကျော်ခွေးခေါ်ပါတဲ့ သာဘွဲ့စုံတော' ဟူသော တေး ကလေးဖြစ်လေရာ အဆန်းမပါ အရိုးခံသက်သက်ဖြစ်သော် လည်း လွတ်ကျွတ်သောစိတ်မှ ပေါ်ထွက်သော ရွှင်ပျော်သောနှလုံး၏ အသံ ဖြစ်လေရာ ညှိုးငယ်သွေ့ခြောက်သော ယောကျ်ားပျို၏စိတ်ကို လတ်ဆတ် ခြင်းအဖြစ်သို့ ရောက်စေသောအသံဖြစ်လေ၏။

ထိုအသံမှာလည်း ယောကျ်ားသံမဟုတ် မိန်းမ၏အသံဖြစ်လေရာ ယောကျ်ားပျိုမှာ အံ့သြ၍သွားလေ၏။ အကြောင်းမူကား ထိုအသံမျိုးနှင့် ညီညွတ်မည့်အသွင်ကို ဤတံငါရပ်ကိုင်းရွာအရပ်နေ စုတ်ပြတ်ပေရေသူ တို့၏ အထဲတွင် တစ်စုံတစ်ယောက်ကိုမျှ မတွေ့မမြင်ရပေ။ ထိုအသံ ပိုင်ရှင်သည် အဘယ်သို့သောအသွင် ရှိပါသနည်းဟု စဉ်းစားရင်း တေးဆုံး သည့်တိုင်အောင် ဆက်လက်နားထောင်လေ၏။

တေးဆုံးသောအခါ ထိုင်ရာမှထ၍သွားရာတွင် အခြားတေးများကို ဆက်လက်၍ဆိုသော ထိုအသံကိုဆက်၍ ကြားရလေ၏။ အတန်ကြာသော အခါ မိန်းမပျိုအချို့ အလုပ်လုပ်၍နေကြသော ကိုင်းတစ်ခု၏အစပ်နားသို့ ရောက်၍သွားရာ တေးသံသည် ရပ်၍သွားလေသည်။ မိန်းမပျိုများလည်း အလုပ်ကိုရပ်ကာ ၎င်းကိုအချို့ကကြည့်ကြ၏။ အချို့ကရယ်စရာ မောစရာ တို့ကိုပြောကြ၏။ အချို့ကအလုပ်ကို ဆက်လက်၍လုပ်ကြလေ၏။ ယောကျ်ားပျိုသည်ကား တေးဆိုသူမည်သူဖြစ်သည်ကို အကဲခတ်ရာ မည့်သူကိုမျှ အကဲခတ်၍မရ၊ ညစ်ထပ်ထပ်ပေရေရေ ဦးခေါင်း၌ အဝတ်ညစ် ညစ်တွေကို ပေါင်းထုပ်ပတ်ရစ်လျက် မျက်နှာမှ သဲသဲကွဲကွဲမပေါ် ညှိုညို မှိုင်းမှိုင်း တောရိုင်းခလေ့ စက္ခု၏အတွေ့မှာ မြိန်ရှက်ဖွယ်ရာ မရှိကောင်းသော အသွင်တို့ကိုသာမြင်ရသဖြင့် စိတ်ပျက်လျက် အသံကောင်းတိုင်းလည်း ရုပ်မကောင်း၊ ကျန်းမာသော တောသူတောင်သားတို့မှာ အဆုတ်အား ကောင်းသဖြင့် အသံကောင်းလျက်၊ ရုပ်ရည်မှာ ကြမ်းကြမ်းထော်ထော် ကြည့်ရှုရာ၌ စိဆိုလက်မပျော်ဖွယ်ရာတွေသာ များတတ်တာထင်ပါရဲ့ဟု ဆင်ခြင်ရင်း သခွား၊ ဖရုံ၊ ငရုတ်၊ ခဝဲ၊ ဖရဲ၊ ခရမ်း၊ ပြောင်းဖူး၊ ဘူးပင်

mgyob.com

mgyoe.com

အတန်းများကိုကြည့်လျက် ရပ်ကာနေလေသည်။

"ဟောဒီမှာ မလှမေ၊ မလှမေက ကျွန်မတို့ တောကြိုချောင်ကြား ရပ်ရွာတွေမှာ ဘာမှမရှိဘူးဆို၊ မပြန်ခင်ကလေးမှာ အလွမ်းနဲ့သွားရအောင် ကျောင်းတကားတော့"

"ဘာကျောင်းတကားလဲ မအေးဘုန်းရဲ့"ဟု ညိုပြာညက်တစ်ယောက်က ထောက်မ၍မေးလေ၏။

"ကျောင်းတကားဆိုရင် ကျားတစ်ကောင်ပေါ့ မရွှေသော့ရဲ့"

ယောကျ်ားပျို၏မျက်နှာမှာ နီမြန်း၍လာလေ၏။ မိန်းမအစုအဝေးထဲကို ယောကျ်ားတစ်ယောက်ရောက်လျှင် ဂေါ်ရင်ဂျီကုလား လူမထင်သလို ပြောင်တတ်လှောင်တတ် စောင်းတတ်ချိတ်တတ်သော တောဓလေ့ တစ်ခုအမြဲကြောင်းကို တွေး၍နေလေ၏။

ယောကျ်ားပျိုသည် ချောချောလှလှ ရသေ့စိတ်ဖြေ ကြည့်စရာတစ်ယောက်တလေမှ မမြင်ရသဖြင့် ပြန်တော့မည်ပြုဆဲမှာ ထိုစကားကို ကြားရလေရာ မလှမေဆိုတာ မြို့သူတစ်ယောက်ထင်ပါရဲ့။ ဘယ်သူများပါလိမ့်ဟု စဉ်းစားရင်း တောင်မြောက်လေးပါးကို ကြည့်နေခိုက်မှာ 'အမယ်လေး လုပ်ကြပါဦး'ဟု ထိတ်လန့်တကြားပြောပြီး မတ်တတ်မှ ခွေခနဲ ပေါက်တူးကိုပစ်ချကာလှဲချလိုက်သော မိန်းမပျိုတစ်ယောက်ကိုမြင်ရသဖြင့် ဘာများဖြစ်ပါလိမ့်ဟု အောက်မေ့ကာ လှမ်း၍အကြည့်တွင် အဖော်မိန်းမပျိုများ သွားရောက် ဝိုင်းစုကြသဖြင့် ပြေး၍ကြည့်လေရာ ခြေဖျားမှ သွေးများဖြာလျက် သွေးစိုသောလက်များနှင့် ခြေဖျားကိုကိုင်လျက် မျက်နှာကိုမော့၍ ရှုံ့မဲ့၍နေသော အချောအမောကလေးတစ်ယောက်ကို မြင်ရသဖြင့် ကရုဏာစိတ်အားသည် ရင်ဝသို့ဆောင့်၍ တိုးသည်ကို ကိုယ်တွေ့သိရလေ၏။

"မလှမေကလည်း မလုပ်တတ်ရင် မလုပ်ပါနဲ့လို့ ကျွန်မအပြောသားနဲ့ လုပ်ချင်တာကိုးတော့၊ ကိုင်း ... ဘယ့်နှယ်ရှိသေးလဲ၊ ခြေမမှာပါကလား၊ ပေါက်တူးကသိပ်ထက်တာပဲ၊ ခြေထောက်ကိုထိအောင် ဘယ့်နှယ်လုပ်ပေါက်ပါလိမ့်မလဲ"ဟု တစ်ယောက်က ပြောလေ၏။

mgyoe.com

mgyee.com

"ကျွန်မ မြေစာဖုတ်ကလေးကို ရှပ်ပြီးပေါက်လိုက်တာ လက်လွန်သွားတယ် မသော့ရဲ့"ဟု တုန်လှုပ်သောအသံနှင့် နှုတ်ခမ်းများဖြူလျက်နာသူက ပြောလေ၏။

"အမယ်လေး . . . သွေးတွေက များလိုက်တာ၊ မသော့က အကြောကို နှိပ်ထားမှပေါ့"ဟု တစ်ယောက်က ပြောလေ၏။

"အခုနေ သွေးတိတ်မန်းတတ်သူတစ်ယောက်ရှိရင်"ဟု တစ်ယောက်က ပြောလေ၏။ တစ်ယောက်က ယောက်ျားပျိုကိုကြည့်ကာ ...

"ရှင် သွေးတိတ် မမန်းတတ်ဘူးလား"ဟု မေးလေရာ ယောက်ျားပျိုမှာ မိမိကိုယ်တိုင်မန်းမည်ဟု စိတ်ကူးနေဆဲဖြစ်သဖြင့် ကပျာကယာ မိန်းမပျိုများကလည်း နေရာဖယ်၍ပေးသောကြောင့် . . .

"မကြောက်ပါနဲ့ ခု တိတ်သွားပါစေ့မယ်၊ ဒီထက်မကတဲ့သွေးတောင် မန်းခဲ့ပါသေးတယ်"ဟု မိန်းမပျို၏မျက်နှာကို ပြုံးလျက်ကြည့်ကာ အားပေးသောမျက်နှာနှင့်ထိုင်၍ ဉ်ဂုဏ်ကထာနှင့်စ၍ မန်းမည်ပြုရုံမျှအစတွင် သွေးသည် သိသိသာသာ အထွက်နှေး၍သွားလေ၏။ မိန်းမပျို၏ ဖြူလျော်သောမျက်နှာမှာလည်း နီမြန်း၍လာလေ၏။ မကြာမီ သွေးတိတ်၍သွားလေရာ ယောက်ျားပျိုမှာ ဂါထာကြောင့်ပဲ တိတ်သလား၊ မိမိ၏ပြုံးသောမျက်နှာကြောင့်ပဲတိတ်သလားဟု စဉ်းစား၍မရအောင် ဖြစ်၍သွားလေ၏။ အကြောင်းမူကား မျက်နှာသို့ လျှံတက်သောသွေးအရှိန်မှာ လွန်စွာမှ ထင်ရှားသိသာလေရာ ဟက်တက်ကွဲသောခြေမမှာ သွေးကျန်ရစ်စရာမရှိအောင် ရှိနေလေ၏။ ဖြူသောနှုတ်ခမ်းများမှာနီလျက် ဟက်တက်ကွဲသော အနာမှာ မြစ်ရေနှင့် ဆေးလိုက်သောအခါ ဖြူ၍ကျန်ရစ်လေ၏။ ထို့နောက် အနီးရှိ တောချုံများကို မီးရှို့ထားသောနေရာမှ မီးသွေးတစ်ခုကိုယူ၍ ကျောက်ခဲနှစ်လုံးဖြင့်ကြိတ်ပြီး မိမိကိုယ်တိုင် သိပ်၍ပေးရုံမက ရှပ်အင်္ကျီ အိတ်ထဲ၌ ပါရှိသော လက်ကိုင်ပဝါကို ထုတ်ကာ ဆုတ်ပြီးပတ်စီး၍ ပေးလေ၏။ မိန်းမပျိုမှာ ရှက်ကိုးရှက်ကန်းဖြစ်ရာမှ တစ်စတစ်စရဲပြီး ကျေးဇူးတင်စကားများကို ပြောလေ၏။ ၎င်း၏အင်္ကျီခြေ လက်မှစ၍ တစ်ကိုယ်လုံးမှာ

mgyee.com

mgyoe.com

အနီးကပ်တွေ့ရှိရသောအခါ တောသူမလေး မဟုတ်၊ ကျက်သရေအပေါင်းတို့နှင့်ပြည့်စုံသော မြို့သူအချောအလှကလေး တစ်ယောက်ဖြစ်သည်ကို သိရလေရာ နာမည်ကလေးနှင့် လိုက်ပါပေသည်ဟု တွေးမိလျက် ခုနင်က ကြားရတဲ့တေးဟာ သူ့တေးပဲဟု အလိုလိုသိလိုက်လေ၏။

အတန်ငယ်ကြာသောအခါ အခြားမိန်းမပျိုများက အားရဝမ်းသာ အရွှန်းအပြက်စကားများကို ရယ်မောပြောဆိုပြီး မိမိတို့၏အလုပ်များကို ပြန်၍လုပ်ကြရာတွင် ယောကျ်ားပျိုနှင့် မိန်းမပျိုနှစ်ယောက်သားမှာ နေရိပ်သော ဆေးပင်ကြီးများအကြားတွင် စကားပြောလျက် ကျန်ရစ်ကြလေသတည်း။

"ခုနင်က တေးဆိုသံကလေးက ဒီကထင်ပါရဲ့၊ ဟုတ်ပါလား"

မိန်းမပျိုက ရှက်ကိုးရှက်ကန်းနှင့် ဟုတ်ကြောင်းပြောလေ၏။

"တေးမဆိုရင် သွေးတော်တော်နဲ့မတိတ်ဘဲ အတော်ကိစ္စများမှာပဲ"

"ဘာဖြစ်လို့လဲ၊ တေးဆိုတာနဲ့ သွေးနဲ့ဘာဆိုင်သလဲရှင့်"

"တေးသံကိုကြားလို့ ထလာမိခဲ့တာကိုး . . . နတ်များက နှိုးဆော်လို့ဆိုရတဲ့တေးထင်ပါရဲ့"ဟု စောင်းစောင်းကလေးကြည့်ကာ ခပ်တည်တည်ပြုံး၍ ပြောလေ၏။

မိန်းမပျိုမှာ ရှက်သလိုလှုပ်ရှားလျက် . . .

"ကျွန်မ တစ်ခါမှ ဒီလို တေးကျယ်ကျယ်မဆိုခဲ့ဘူး၊ အခုတော့ တောရပ်မှာမို့ ဒီကိုင်းလုပ်တဲ့နေရာကလည်း သာသာယာယာမို့ ပျော်သလိုလို ရှိတာနဲ့ ဆိုလိုက်တာပဲ"

"ဒီမှာတော့ တစ်ယောက်တည်းမို့ တောင်တွေးမြောက်တွေး ပျင်းရိနေခိုက်မှာ တေးသံကြားရတော့မှ ပျော်သလိုဖြစ်တာနဲ့ ဒီတေးသံရှင်ရဲ့ ပိုင်ရှင်ကိုများ မြင်ရရင် သာလို့ပဲပျော်လိမ့်မလားလို့ အောက်မေ့ပြီး ထလာခဲ့တာပဲ"

"ရှင် ဘယ်အရပ်ကလဲ၊ ဒီအရပ် ပျော်စရာမကောင်းဘူးလား"

"ရန်ကုန်မြို့ကပါ၊ ဒီအရပ်မှာ ရန်ကုန်လိုတော့ ဘာပျော်မလဲ၊ အခုမှ"ဟုပြောပြီး သံမံတလင်းပေါ်၌ ဗိုးပေါက်ကွဲသလို မွှန်းတည့်နေ ရိုက်သဖြင့်

mgyoe.com

ဖြာလျက်ရောင်ခြည်တွေ လွှင့်တက်၍နေသော ရေပြင်ကို မျက်မှောင်ကြုတ်ကာကြည့်ပြီး စကားမဆက်ဘဲ ပြုံးချင်သလိုလို လုပ်၍ နေလေ၏။

"အခုမှဆိုတာ ဘာလဲရှင့်"ဟု မိန်းမပျိုက အနားမှာပတ်ထားသော ပဝါစကလေးကို တိုး၍တင်းအောင် ကုန်း၍ချည်ရင်းမေးလေ၏။

"အခုမှ ပျော်တာကို ပြောမလို့ပါ"

"အမယ် ဘာလဲ ရှင့်စကားက"

"ရိသဲ့သဲ့မဟုတ်ပါဘူး၊ တိုက်ရိုက်ကျနေတာပဲ၊ နို့ ရိုးရိုးစိတ်အရှိ ပြောရတာကိုး၊ တစ်စုံတစ်ယောက်စိတ်ထဲမှာ တစ်ခုခုဖြစ်တာတော့ မဖြစ်အောင်လုပ်လို့လည်း မရဘဲကိုး၊ ဖြစ်ရုံနဲ့တော့လည်း ရာဇဝတ်ပြစ်မှု မသင့်နိုင်ပါဘူး၊ အချိန်ကလည်း တိုတိုတောင်းတောင်း မကြာမီ ပြန်ရမှာမို့ အခန့်သင့်ခိုက်မှာ ပြောရတာကိုး . . .၊ စိတ်ဆိုးသလား"

"ရှင် သိပ်ရဲတာပဲ၊ ရဲတဲ့လူများဟာ ကြောက်စရာကောင်းတယ်"

"ကြောက်စရာမရှိပါဘူး၊ လူ့ဘဝမှာ အရေးအကြီးဆုံး၊ အဖိုးအထိုက်ဆုံးဆိုတဲ့အရာမျိုးနဲ့ပတ်သက်ရာမှာ မရဲပေမဲ့ စွန့်ပြီးရဲရတာပဲ"ဟု ပြောကာ အမှတ်တမဲ့ မိန်းမပျို၏ပြည့်ဖောင်းသော တင်ပါးကို မတော်တဆ လက်နှင့် ထိမိပြီး မခွာဘဲနေလေ၏။

"မြင်ကုန်မယ်ရှင့်၊ ရှင် သိပ်ရဲတဲ့လူ၊ ဘယ့်နှာလဲ လွှတ်ပါ"ဟုပြောပြီး လက်ကို ရုန်းဖယ်လေ၏။ သို့သော်လည်း ယောကျ်ားပျို၏လက်မှာ မြဲခိုင်၍နေလေ၏။

မိန်းမပျို၏မျက်နှာမှာ သွေးသည် တစ်ဖန် ဒီလှိုင်းသလိုတက်လာပြီး ယောကျ်ားပျို၏လက်ကိုကိုင်၍ ဖယ်မည်အပြုမှာ ယောကျ်ားပျိုက ၎င်း၏နူးညံ့သောလက်ကလေးကို ဆုပ်၍ထားလေ၏။

"မြင်ကုန်မယ်ရှင့်၊ ရှင် သိပ်ရဲတဲ့လူ ဘယ့်နှာလဲ လွှတ်ပါ"ဟုပြောပြီး လက်ကိုရုန်းဖယ်လေ၏။ သို့သော်လည်း ယောကျ်ားပျို၏လက်မှာ မြဲခိုင်၍နေလေ၏။ ရုန်း၍မရသောအခါ ငြိမ်၍နေလေ၏။

သွေ့ခြောက်တိတ်ဆိတ်သည်ဟု မကြာမီက မှတ်ထင်မိသော တော

အရပ်သည် စိုပြေ၍လာသည်ဟု ယောက်ျားပျို၏စိတ်၌ မှတ်ထင်မိလေ၏။ မိန်းမပျိုမှာကား နဂိုကစိတ်ထဲ၌ ရွှင်လန်းသာယာ၍နေခိုက်မှာ တစ်ကိုယ်လုံးမှာ အသွေးအသားတွေ လှိုင်းကြက်ခွပ်ထ၍လာသဖြင့် အဘယ်အခါကမျှ မကြုံဖူးသောပြောင်းလဲခြင်းသည် စိတ်ထဲ၌ဖြစ်ပေါ်၍လာလေတော့သတည်း။ အကြောင်းမူကား ထိုကဲ့သို့သော မြစ်ဆိပ်ကမ်းခြေ၊ ရေပြင်သဲသောင်၊ စင်ရော်ငှက်မောင်နှံတို့ တောင်ပံဝင့်ကဲ အပျော်နွဲ့သောဒေသတို့မှာ တစ်ယောက်ကိုတစ်ယောက် မည်သူမည်ဝါမသိရသော မိန်းမပျိုယောက်ျားပျိုတို့၏စိတ်နှလုံး၌ အချစ်၏သန္ဓေတည်ရာ အလျဉ်းအသင့်ဆုံးသော နေရာမျိုးဖြစ်လေရာ ရွယ်တူချင်း၊ အချောအလှ အတူတူချင်းဖြစ်သူနှစ်ဦးမှာ ထိုအရာ၌ ထိုမျှလောက်မြန်သည်ကို အမြန်ဟူ၍မဆိုလောက်၊ အခွင့်သာ၍နေရာစခန်း ထိုထက်ကောင်းချေက တောတောင်ချောက်မြောင် စခန်းဟူသမျှတို့ကို ရေဒီယိုပိုင်ယာလက်ပမာ မစူးစမ်းဘဲ ထူးဆန်းသလောက်ပေါက်ရောက်၍ပင် သွားနိုင်ဖို့ရှိသည်ကို နှစ်ယောက်စလုံး အသိဖြစ်ကြလေသတည်း။

"မင်း ဒီအရပ်သူကလေးနဲ့ မတူပါဘူး"

"ကျွန်မ ဒီအရပ်ဇာတိ မဟုတ်ပါဘူး၊ ကျွန်မ ဦးကြီးက ဒီရွာမှာ အင်းသူကြီးပါ၊ ကျွန်မမိဘက ထိန်တောမိုးညိုမှာ အနိစ္စရောက်ကြလို့ ခိုကိုးစရာမရှိတာနဲ့ ဦးကြီးမှာလည်း သားသမီးမရှိသည့်အတွက် ကျွန်မကို သမီးအရင်းအနေနဲ့ခေါ်လို့ လာရတာပါ၊ တနင်္ဂနွေတစ်ပတ် ရှိပါသေးတယ်"

"သြော် . . . နို့ ပြန်မယ်လို့ မဟုတ်လား"

"မပြန်ပါဘူး၊ ခုနင်က ဟိုကပြောတာကို ရှင် ကြားတယ်ထင်ပါရဲ့၊ ကြွေးကလေး မြီကလေးများ ရစရာရှိလို့ ခဏသွားဦးမလို့ပါပဲ၊ ရှင်ကသာဘာကိစ္စနဲ့ လာတာလဲ"

"ဒီမှာ ဆွေမျိုးများရှိလို့လာတာပါ၊ အခုတော့ မရှိကြတော့ဘူးလို့ပြောကြတာနဲ့ ရန်ကုန်ကို ပြန်ရတော့မလို ကျနေတာပဲ"

"ရှင် ဘယ်တော့ပြန်မလဲ"

mgyoe.com

"အခုတော့ မပြောတတ်အောင် ရှိတာပဲ"

"ဘာဖြစ်လို့လဲ"

"ပျော်လို့ပေါ့"

"ဘာဖြစ်လို့လဲ"

"ပျော်စရာရှိလို့ပေါ့၊ မင်းကော ဘယ်တော့ ထိန်တောမိုးညိုကို သွားမလဲ"

"ကျွန်မလည်း မပြောတတ်သေးဘူး"

"ဘာဖြစ်လို့လဲ"

"သွားရမှာ ပျင်းစရာကြီး"

"ဘာဖြစ်လို့လဲ"

"ဒီမှာပျော်လို့"

"ဘာဖြစ်လို့လဲ"

"ဒီမှာ ပျော်စရာရှိလို့ပေါ့"

"ဒီလိုဖြင့် စိတ်ချင်းတူနေတာပဲ၊ စိတ်တူသဘောတူဆိုရင် သိပ်ကောင်းမှာပဲ"

"ဘာ သိပ်ကောင်းမှာလဲ"

"သိပ်ကောင်းတာပေါ့"

"ဘာ သိပ်ကောင်းတာလဲရှင့်"

"အို မလှမေကလည်း သိပ်ကောင်းတာပေါ့"

"တော်ပါ . . . ရိသဲ့သဲ့နဲ့"

"တဲ့တိုးပါ ခင်ဗျာ၊ ရိုးရိုးစင်းစင်း ရှင်းရှင်းပြောတတ်ပါတယ်"

"တော်ပါရှင်၊ ရှင် ဘယ့်နှယ့်လူမှန်းလည်း မသိဘူး"

"စမှမစရသေးဘူးတော်ပါဆိုလို့ ဘယ့်နှယ်လူမှန်း ဘယ့်နှယ်သိမလဲ"

"ကျွန်မ့ သိပါပြီ"

"တကယ်လား"

"နှစ်ကယ်ရှင်"

mgyoe.com

"ဒီလိုဖြင့် ရှည်ရှည်ပြောနေဖို့ မလိုတော့ဘူးပေါ့လေ၊ စိတ်ချရတော့မှာလား"

"ဘာ စိတ်ချရမှာလဲ"

"သိတယ် ဆိုတာပေါ့"

"ရှင် စိတ်ချချင်ချ၊ မချချင်နေ"ဟု မြစ်ကိုကြည့်ကာ ကြည်နူးရွှင်ပျသော အမူအရာနှင့် ပြောလိုက်လေ၏။

ထိုနေ့မှစ၍ ဆယ်နှစ်ကျော်အခါက သိခဲ့ရသောသူနှစ်ယောက်ကဲ့သို့ ဖြစ်၍သွားလေ၏။ ထို့အပြင် ယောကျ်ားပျိုကလေးမှာလည်း ငွေကြေးအတော်လုံလောက်သူဖြစ်ရာ မလှမေမှာလည်း ကိုယ်ပိုင်သုံးချင်သလိုသုံး၊ ပေးချင်ရာကို ပေးနိုင်လောက်အောင် ကွယ်လွန်သူမိဘများထံမှ ရလိုက်သဖြင့်တစ်ကြောင်း၊ ဦးကြီးအရီးတို့ကလည်း ပျော်ပါစေဟု သဘောထားကာ ငွေကို ကစားစရာ ရွှေပန်းကန်စများလို ပေးသဖြင့်တစ်ကြောင်း၊ အသိမိတ်ဆွေဟူသမျှအား ရက်ရောစွာ ပေးနိုင်ကမ်းနိုင်လေရာ သွေ့ခြောက်သောရွာငယ်ကလေး၌ တစ်နေ့လုံးရှာမှ တစ်အိမ်သားလုံးမှာ ငါးမူးတစ်ကျပ်မျှကို ကျပ်ကျပ်တည်းတည်း ခဲခဲယဉ်းယဉ်းရကြသူတို့မှာ ၎င်းတို့ နှစ်ယောက်ကြောင့် ရွှေမိုးငွေမိုး ဝေဖြိုးနေကြသဖြင့် ၎င်းတို့နှစ်ယောက်မှာ အနှောင့်အယှက်မရှိဘဲ နေ့စဉ်နေ့တိုင်း ကိုင်းများယာများ၌ တွေ့ချင်သလို (ဝါ)တွေ့ချင်သလောက် တွေ့ခွင့်ရ ကြသဖြင့် ရက်အနည်းငယ်မျှ အတွင်းမှာ ရင်းနှီးခြင်းဖြစ်ကြလေ၏။ ဦးကြီးနှင့်အရီးတို့မှာ အလွန်တရာယုံကြည်သောဆွေမျိုးများရှိသဖြင့် လှမေအတွက် စိတ်ချကြလျက် လွတ်လပ်ခွင့်ပေးထားကြလေ၏။ သို့ပေးထားခြင်းမှာ လှမေ မပျော်လျှင် ထွက်၍ သွားလိမ့်မည်ဟု စိုးရိမ်သောကြောင့် ဖြစ်လေ၏။ သို့ဖြစ်လေရာ အဘယ်မျှပင် ရင်းနှီးသော မိတ်ဆွေများဖြစ်စေကာမူ ငွေနှင့်တွေ့က ပြုပြင်တိုင်း ဖြစ်ကြရသည့်ဓမ္မတာသဘောအတိုင်း နှစ်ယောက်သားတို့မှာ အချစ်၏လမ်းတာ၌ စိတ်ထင်တိုင်း ပေါက်ရောက်၍နေကြလေတော့သတည်း။

ထို့အပြင် လှမေမှာ ကိုင်းထဲ၌ စိုက်ပျိုးခြင်းအလုပ်ကို နဂိုက

mgyoe.com

ဝါသနာပါသူဖြစ်ကြောင်း၊ အရိုးနှင့် ဦးကြီးသိရှိပြီး ဖြစ်ကြသောကြောင့် ကိုင်းထဲ၌အလုပ်လုပ်ကြသော မိန်းကလေးများနှင့်သာ နေသည်ဟု စိတ်ချ၍ ထားကြလေ၏။ ၎င်းတို့နှစ်ယောက်မှာမူကား အဖော်များနှင့်အတူ လှေငယ်တစ်စင်းနှင့် ကျွန်းငယ်များသို့ လှည့်လည်ကာ ပျော်ပွဲခင်း၍သာ နေကြလေတော့သတည်း။

၎င်းတို့နှစ်ယောက်မှာ နတ်ပြည်သည် ၎င်းတို့၏ဘဝထက် ထူးကဲမည်မဟုတ်ဟု မှတ်ထင်၍နေကြလေတော့သတည်း။

သို့သော်လည်း တစ်ခါတစ်ခါယောက်ျားပျိုမှာ အရိုပ်ပမာအမြဲကပ်လျက် သတိကိုရှိုးဆော်ကာ သတိထား–သတိထားဟု လက်ညှိုးကိုထောင်လျက် ကြောင်တောင်ကြည့်၍ ပြောသောမကောင်းဆိုးဝါးတစ်ခုမှ မလွတ်နိုင်သဖြင့် နှစ်ယောက်သား ပျော်ပျော်ပါးပါးနေကြသည့် အခါများထဲတွင် အခါများစွာ ငေးမောတွေးတောလျက်နေသည်ကို လှမေ တွေ့ရှိရ လေ၏။ သို့သော် တွေ့ရှိရသည့်အခါများ၌ကား စိတ်နှလုံး၏လရောင်ကို တိမ်ဖုံးသလိုဖြစ်၍ သွားလေ၏။

[၂]

တစ်နေ့သ၌ ပျော်ပွဲစားသွားကြရာတွင် အဖော်များစားသောက်ပြီးကြသဖြင့် သောင်ပြင်ကိုင်းတောစပ်အရိပ်များ၌ အိပ်ပျော်၍နေကြသည့်အခိုက် ယောက်ျားပျိုသည် တစ်ကိုယ်တည်းသဲများကို တုတ်ချောင်းတစ်ခုနှင့် ရေးခြစ်ကာ တွေးတော၍နေလေ၏။

၎င်း၏ရှေ့၌ စင်ရော်ငှက်များသည် ခိုက်ရန်ဖြစ်ဖွားတစ်ကောင်ကို တစ်ကောင် ကြိမ်းမောင်းခြိမ်းခြောက်သည်နှင့်တူသော အသံများနှင့် ဆူညံပျံသန်းလူးလာခတ်ကာကစား၍နေကြလေရာ ၎င်းတို့၏အတောင်ပံများမှာ နေရောင်၊ ရေရောင်တွင် ဘော်သားအသွင် ဖြူစင်တောက်ပကြလေ၏။

mgyoe.com

mgyoe.com

ဟာသ်ာဖိုမနှစ်တောင်သည် သောင်ပြင်၌ယှဉ်ကာ တီးတိုးစကားပြောတိုင်ပင်ရင်း၊ စိတ်ချလက်ချ လှည့်လည်သွားလာ၍နေကြလေ၏။ သို့နေခိုက်တွင် လှဝင်းနောက်မှ ပခုံးကိုကိုင်သော လက်တစ်ခုကို သိရသဖြင့် လှည့်၍ကြည့်ရာ လှမေဖြစ်၍နေလေ၏။

"ကိုလှဝင်း တစ်ခါတစ်ခါ ဒီလိုဖြစ်ဖြစ်နေတာ ဘာယ့်နှယ်လဲ၊ ဒီလိုနေတာကို လှမြင်ရတိုင်း စိတ်ထဲမှာ လေးလေးသွားတာပဲ"ဟု ကြောင့်ကြသော အမူအရာနှင့် မေးလေ၏။

လှဝင်းသည် မျက်နှာကိုရွှင်ပျဟ်န် ရတ်တရက်ဆောင်လျက် လှမေကို ရင်ခွင်သို့ဆွဲ၍သွင်းပြီး၊ မော့လျက် မပွင့်တပွင့်ကလေးထားသော နီမြန်းသော နှုတ်ခမ်းကလေးများအပေါ်၌ မိမိ၏ပါးကို စောင်းငဲ့ကာ တင်လိုက်လေရာ လှမေသည် ရင်အုံကြွ၍လာအောင် နှုတ်ခမ်းများရော နှာခေါင်းရောနှင့် တအားစုတ်ယူရင်း မျက်လုံးများမှာ မှေး၍သွားလေ၏။ လှဝင်းမှာ ပွေ့၍ထားရုံနှင့် အားမရ၊ အချစ်၏ဘောဇဉ်ကို အဘယ်ပုံအားရဝလင်အောင် မှီဝဲရပါ့မလဲဟု နက်နဲစွာကြံစည်လျက် မချင့်မရဲဖြစ်သောအမူအရာနှင့် အံကြိတ်ကာ လှမေ၏ မျက်နှာတစ်ခုလုံးကို ကိုက်ငုံ၍မျိုချင်သလို ဖြစ်၍နေလေ၏။ လှပ်ရှားသော ရင်ဘတ်နှစ်ခုမှာ "အိတ်စ်ပရက်"အမြန်ရထား မော်တော်နှင့်သွားသလို တသိမ့်သိမ့်ခါ၍ နေကြလေ၏။ အစွမ်းကုန်ချုပ် တည်း၍ ထားကြရချေက ပြင်းထန်သော ဓာအဟုန်ကြောင့် ရင်အုံများ ပွင့်ကွဲမလားဟု စိုးရိမ်ဖွယ်ဖြစ်လောက်အောင် ပြင်းထန်၍နေလေတော့ သတည်း။

"ဘာမှမဖြစ်ပါဘူး လှရယ်၊ လှပူစရာမလိုပါဘူး၊ ကိုကို တွေးတာက တခြားမဟုတ်ပါဘူး၊ မတော်မဆ လှရဲ့ဦးကြီးနဲ့အရိုး သိသွားပြီး အတင်းခွဲမှာကိုစိုးတာပါပဲ"

"ဘာဖြစ်လို့ သိရမှာလဲ ကိုကို၊ သိလို့ ခွဲရင်ကော ကွဲရမှာလား၊လှမိဘက ပစ္စည်းဥစ္စာနဲ့ ထားခဲ့တာပါ၊ လှကို ဘယ်သူမှ အဟုတ်မပိုင်ပါဘူး" ဟုပြောကာ ဖြန့်၍ထားသော လှဝင်း၏ ဆံပင်ကွေ့ကွေ့ လိမ်လိမ်ကလေးများကို ကိုင်တွယ်ကစား၍နေလေ၏။ လှဝင်းမှာ ဆံပင်ကောင်းသူဖြစ်ရာ

mgyoe.com

အခြား ယောက်ျားပျိုများလို ရိတ်ဖြတ်ကာ ဗိုလ်ကေမထားသော်လည်း ၎င်း၏ယဉ်ကျေးကြော့ရှင်း ပျော့ပျောင်းပြေပြစ်သော ကိုယ်လက်အင်္ဂါ၊ သိမ်မွေ့သောမျက်နှာနှင့် ဟပ်လိုက်သောအခါ ဗိုလ်ကေထားသည်ထက် များစွာကြည့်၍ ကောင်းလေ၏။

"ငွေကြေးအတွက် မဟုတ်ပါဘူး၊ အချစ်နဲ့စာရင် ဥစ္စာဟာ ဘာအရေးကြီးသလဲ လှရဲ့၊ လှကိုယ်တိုင် စိတ်ပြောင်းသွားမှာ စိုးတာပါပဲ"

"ဒီကတော့ ဘယ်တော့မှ မပစ်နိုင်တော့ဘူးဆိုတာ စိတ်သာချပါ။ သို့သော်လည်း . . ."

"ဘာ သို့သော် ရဦးမှာလဲ"

"လောကမှာ ဒီလိုထူးမြတ်ပြီး အခုလို လွတ်လွတ်လပ်လပ် အနှောင့်အယှက်အဖျက်အဆီး လုံးလုံးကင်းပြီး တစ်သမတ်တည်း အစကအဆုံးတိုင် ချောမောသွားတဲ့အချစ်ဆိုတာ အင်မတန်မှ ရှားတာမို့ တွေးပြီးပူတာပါ၊ အခု ကိုကိုနဲ့လှတို့ တွေ့ရတဲ့ဘဝဟာ နိဗ္ဗာန်နဲ့မလဲနိုင်တဲ့ဘဝပါပဲ"ဟု ပြောပြီး တွေးတောငေးမော၍နေလေ၏။

"ကြံကြံစည်စည် ကိုကိုရယ်၊ လူများမှာ အဖျက်အဆီးတွေ့တာနဲ့ ကျုပ်မတို့တွေ့ရမှာတဲ့လား၊ ဥစ္စာပစ္စည်းလည်း ရှိတယ်၊ ကိုယ့်ကိုယ်ကို လည်း ကိုယ်အစိုးရကြတယ်၊ ဘယ်သူကလာပြီး ဖျက်နိုင်ဦးမှာလဲ"

လှဝင်းသည် မလှမေ၏မျက်နှာကို စိုက်ကာကြည့်ပြီး . . .

"လှ ကိုယ့်ကို ယုံသလား"

"လှ ယုံလို့ ပုံတာပေါ့"

"ကိုကို့အကြောင်း ဘာမှမသိဘဲနဲ့ပုံတာ မကြောက်ဘူးလား"

"ကိုလှဝင်း လူကောင်းဆိုတာ လှ သိတယ်၊ ကိုလှဝင်း လှကို မလိမ်ဘူးဆိုတာသိတယ်၊ ကိုလှဝင်း လိမ်ရင် စိမ်းကားရက်စက်ရင် လှ လူ့ပြည်မှာ မနေဘူး၊ ဟောဒီမြစ်ထဲ ဆင်းသေမှာပဲ၊ မသေမီ အခုလိုနေရတာတော်ပြီ၊ အခုလောက် အားရပါးရ ချစ်ရပြီးမှ သေရမယ်ဆိုရင် သေကျိုးလည်း နပ်တယ်၊ လူဖြစ်ကျိုးလည်း နပ်တယ်လို့ လှထင်တာပဲ၊ လှ နောက်ကို

mgyoe.com

mgyoe.com

တွေးမပူဘူး၊ အခု လွတ်လွတ် လပ်လပ် ပျော်ပျော်ကြီးနေရတာကို လိုချင်တာပဲ၊ အခုလိုချင်တာကို ရပြီးပြီ၊ ဘာမှမလိုတော့ဘူး”ဟု ပြောလေရာ လှဝင်းသည် လှမေ၏နူးညံ့သော ဆံပင်များကို လက်နှင့်ပွတ်သတ်ကာ ဒါမှအချစ် ဒါမှအစစ်ပါပဲဟု အောက်မေ့လျက် စိတ်ချစွာ အသက်ရှူလိုက်လေ၏။

ထို့နောက် စကားဆက်၍ မပြောဘဲ ဤမျှလောက်စိတ်ချယုံကြည့်လျက် ဖြစ်ချင်သလိုဖြစ်စေတော့ဟု စွန့်လွှတ်ကာ ချစ်သော စိန်တုံး၊ မြတုံး၊ ပတ္တမြားတုံးနှင့်တူသော အစစ်အမှန်ဖြစ်သည့် အချစ်၏ပိုင်ရှင်ကလေးကို မျက်တောင်မခတ်ဘဲကြည့်ကာ သနားသောစိတ်သည် နှလုံးကြောကို လှီးဖြတ်သည့်အလား ... ရင်ထဲ၌ ကြင်နာသနားခြင်း၏ နွေးသောသွေးရှင်သည် တသွင်သွင်စီးထွက်သည်ဟု လှဝင်း၏စိတ်၌ မှတ်ထင်မိလေသတည်း။

“ဩော် ... အရူးမကလေး အမိုက်မကလေး မင်း ဘာကိုမှတွေးပြီး မပူပင်ဘူးဆိုတာ အမှန်ပဲနော်”ဟု မေးလေ၏။ ကျယ်သောမျက်လုံးကြီးများမှာ စွတ်စိုလျက် အရည်လည်၍ လာလေ၏။ လှဝင်းသည် မျက်နှာကို လက်ကိုင်ပဝါနှင့်သုတ်ရင်း မချိမဆန့်ပြုံးလေ၏။

လှမေသည် လှဝင်း၏မျက်နှာကို ဣန္ဒြေနှင့်စိုက်ကာကြည့်ပြီး မဲ့၍ လာလေ၏။ မျက်ရည်များသည် စပျစ်သီးကြီးပမာ့ရွဲလျက် မျက်လုံးထောင့်မှာ ပန်းဆိုင်းဆွဲသလို နေလေ၏။

“ဘာဖြစ်သလဲ ကိုလှဝင်းရယ်”ဟု လှဝင်း၏ ရင်ဘတ်ရှိ ရှပ်အင်္ကျီ ကြယ်သီးကိုကိုင်ရင်း မေးလေ၏။

“ဘာမှမဖြစ်ပါဘူး၊ မတော်တဆများ ကွဲသွားကြရင် ကိုကို ဘယ်လိုများဖြစ်မလဲဆိုတာ တွေးမိတာနဲ့ ဒီလိုဖြစ်လာတာပဲ”ဟု ပြောရင်း တစ်ဖန် စိတ်ကိုချုပ်၍မရပြန်သဖြင့် နှုတ်ခမ်းများတုန်လှုပ်ကာ ငိုသံနှင့် တစ်ချက်နှစ်ချက် ရှိုက်မိလေ၏။

“ပြောပါ ကိုလှဝင်းရဲ့၊ လှ မယုံဘူး၊ ကိုလှဝင်းမှာ တစ်ခုခုဖြစ်လို့ပဲ၊ ရည်းစားကို လွမ်းလို့လား၊ မယားကို အောက်မေ့သလား၊ ကလေးကို သတိရလို့လား”

mgyoe.com

"မဟုတ်ပါဘူး၊ ကိုကို့မှာ ဘာမှမရှိဘူး တစ်ကောင်ကြွက်ပါ၊ ဒါတွေကို တွေးတောင် မတွေးပါနဲ့"

"ဒါတွေမရှိရင် လှ ဘာမှပူစရာမရှိဘူး၊ ကိုလှဝင်းမှာ ဒါမျိုးတွေ မရှိဘူးဆိုတာကိုလည်း ယုံတာပဲ၊ လှ ဘာမှမကြောက်ဘူး၊ ကိုလှဝင်း လှ စိတ်မကောင်းအောင်သာ ခဏခဏ ဒီလိုမလုပ်ပါနဲ့"

"မတော်တဆ ကိုကိုထွက်သွားရင် လှ ဘယ့်နှယ်နေမလဲ"

"လှ ဘယ့်နှယ်နေရမလဲ၊ လှ သေလိုက်ရုံပေါ့၊ ခုနင်က ပြောပြီးပြီ မဟုတ်လား"

"တကယ် သေမှာလား"

"တကယ်သေမှာပဲ၊ ကိုလှဝင်းက လှကိုချစ်လို့ ဝသွားပြီလား၊ ဝရင်သွားတော့၊ အခုသွား လှ အခုသေပြလိုက်မယ်"

"ကိုကို မသွားပါဘူး၊ နို့ ကိုကို့မှာအလုပ်မရှိ အကိုင်မရှိနဲ့ အကြောင်းပါရင်၊ ကိုကို ဒီလိုနေရမှာလား"

"လှရဲ့ ဦးကြီး အရီးများက တစ်သက်မကဘူး၊ လှနဲ့ပတ်သက်ရင် ဆယ်သက် ကျွေးထားနိုင်ပါတယ်၊ ဒီအရပ်မှာ စားရုံ၊ ဝတ်ရုံ၊ နေထိုင်ရုံဆိုရင် ဘာမှကုန်စရာမရှိဘူး၊ ကျွန်မတို့ဒီအရပ်မှာ တွေ့ကြပြီး ဒီအရပ်မှာပဲ တစ်သက်လုံးနေသွားကြရရင် မကောင်းဘူးလား၊ ကိုလှဝင်း အင်္ဂလိပ်ကျောင်းသား မဟုတ်လား"

"အင်္ဂလိပ်လို ဆယ်တန်းအောင်ပါတယ်"

"လှ တွေ့ဖူးတဲ့ အင်္ဂလိပ်ကျောင်းဆရာကြီးတစ်ယောက်ဟာ အင်္ဂလိပ်စာအုပ်တွေဖတ်ပြီး သူ့အိမ်မှာ ဓာတ်စက်တွေ၊ ရေစက်တွေ၊ လွှစက်၊ ဆန်စက်ကလေးလုပ်ပြီး ဒီလိုမြို့ကလေးတစ်မြို့မှာ သားသားနားနား နေတာ လှတွေ့ခဲ့ဖူးတယ်၊ ဒီအရပ်မှာ အဲဒီလိုအမျိုးမျိုးတွေကို လုပ်ကိုင်ပြီး နေရရင် သိပ်ကောင်းမှာပဲ၊ မော်တော်ဘုတ်ကလေးတွေကို လုပ်ပြီးစီးရရင် သိပ်ပျော်စရာ ကောင်းမှာပဲ၊ အသိပညာ အကြံဉာဏ်မရှိတဲ့ဒီလိုအရပ်မှာ လုပ်ချင်တာတွေကိုလုပ်ရင် သူဌေးဖြစ်မှာပဲ၊ ကိုလှဝင်း ဒါတွေဝါသနာမပါ

mgyoe.com

ဘူးလား"

"အင်္ဂလိပ်ကျောင်းဆရာ လုပ်ခဲ့ဖူးလို့ ကိုကို ဘာမဆို အတော်တန်တော့ ခေါက်မိပါရဲ့၊ အခုကာလမှာ အင်္ဂလိပ်စာတတ်ရင် ဘယ်အလုပ်မဆို ဝါသနာပါရာကို မိမိအစွမ်းနဲ့ ဖြစ်အောင်လုပ်နိုင်တာပဲ၊ စာအုပ်တွေ အမျိုးမျိုးရှိကြပါတယ်၊ သို့သော်လည်း ကိုကို ဒီအရပ်မှာ နေနိုင်ပါ့မလားဆိုတာသာ စဉ်းစားဖို့ရှိတာပဲ"

ထိုအခိုက်တွင် လှေတစ်စင်းသည် သေနတ်သမားတစ်ယောက်နှင့် ကျွန်းသို့ထိုးဆိုက်၍ လာလေ၏။ သေနတ်သမားမှာ ကာကီဘောင်းဘီတိုနှင့် ကာကီရှပ်ကို ဝတ်သူဖြစ်လေ၏။ လှဝင်းသည် ထိတ်လန့်သလိုဖြစ် သွားပြီးမှ မျက်နှာထက်သန်၍လာပြီးလျှင် နှုတ်ဆက်ရလျှင် တော်မည် မတော်မည် စဉ်းစား၍နေလေ၏။ ထိုအခိုက် သေနတ်သမားက လှဝင်းကို မြင်လျှင် အံ့အားသင့်သလို ဖြစ်၍နေလေ၏။

မကြာမီ နှစ်ယောက်သားတွေ့ကြလျက် အားရဝမ်းသာ နှုတ်ဆက်စကားပြောဆို၍နေကြရာ လှမေမှာ မိမိ၏အဖော်များရှိရာသို့ ပြန်၍သွားလေ၏။ သူငယ်ချင်းနှစ်ယောက်မှာကား တစ်ခုသောနေရာ၌ထိုင်ကာ စကားပြော၍နေကြလေ၏။

"ငါ့ မင်းကို လိုက်ရှာတာပဲ သတိပေးဖို့"

"သူတို့က ငါ့ကို ဘယ့်နှယ်ပြောကြသလဲ၊ ရှောင်နေတယ်လို့ ပြောကြသလား"

"ငါကတော့ ကိစ္စရှိလို့ အထက်ကိုသွားတယ် ပြောထားတာပဲ၊ ပုလိပ်ကလည်း အ ့တွေးကျပ်နေပုံပဲ"

"နို့ အမှုကကော"

"ဒါကြောင့် ငါ လာတာပေါ့၊ အမှုက အခုနောက်ဆုံး စုံထောက်ရရှိတဲ့အတိုင်းတော့ အကုန် မင်းအပေါ်မှာ ပုံကျနေတာပဲ၊ မင်းမှာ သတ်ပြီး အောင်ကြီးမှာ ချောင်ကျန်ရစ်တယ်"

"နို့ သူငယ်ချင်းရယ်၊ ငါ မဟုတ်ဘူးဆိုတာ မင်းတို့အားလုံးလည်း

သိထားတာပဲ"

"တို့များသိတာကို ပုလိပ်ကမသိလို့ ခက်တာပေါ့ သူငယ်ချင်းရဲ့၊ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဖြစ်နေတာဟာ မင်းကုသိုလ်ကိုကဆိုးတာပဲ၊ အခုတော့ မင်းကို သူတို့ အမိဖမ်းကြတော့မှာပဲ၊ စီရင်ချက်ကတော့ ကြိုးနဲ့ တစ်ကျွန်းတစ်ခုခု မင်းအပေါ်မှာချပြီး ဖြစ်နေတယ်၊ မင်း မိထွေးနဲ့စကား များတာကလည်း ထင်ရှားနေတယ်၊ ဟိုညမှာ မင်း ရန်ကုန်ကို သွားမယ်လို့ ပြောပြီးထွက်သွားတာလည်း သက်သေထင်ရှားနေတယ်၊ ပြီးတော့ ရန်ကုန် မသွားဘဲ ပေါက်ကုန်းဘုန်းကြီးကျောင်းမှာ မင်းကို မြင်ရသူ သုံးယောက်က သေသေချာချာ ထွက်ထားတာပဲ"

"ငါ သိတယ်၊ ပုလိပ်က မယုံလို့ ခက်တာပေါ့၊ မင်း ရန်ကုန်ကိုသွား မယ်လို့ ပြောတာဟာ ဉာဏ်ဆင်တာလိုကျနေတာပေါ့၊ တကယ် မီးရထား မမီတာတော့ သူတို့က မတွေးဘူး၊ ယုံလည်းမယုံဘူး၊ မင်းအဝတ်က သွေး စက်ကလည်း သက်သေပဲ"

"ဒါကတော့ ဘုန်းကြီးကျောင်းကကြက်ကို ညမှာ သာလှကြီးက ခိုးပြီးချက်လို့ ငါလည်း ကူညီလုပ်ကိုင်ရင်း ပေတာဖြစ်မှာပေါ့"

"သာလှကလည်း ဘုန်းကြီးကျောင်းကကြက်ကို သူ ခိုးချက်တာ အရပ်ကသိရင် ဓမ္မာရုံစက္ကရီတောရီအလုပ်လည်း ပြုတ်မယ်၊ ဝတ်အသင်းက လူကြီးလည်း ဖြစ်နေပြန်၊ ဒီဓမ္မာရုံကျောင်းမှာလည်း တစ်လ လေးဆယ်ရ တဲ့ ကျောင်းဆရာအလုပ်လည်း ပြုတ်မှာစိုးရပြန်တော့ သူက ကွယ်မှာပဲ၊ သာလှကို ကျောင်းက ကြက်ခိုးသတ်တဲ့အကြောင်း ရုံးမှာအထွက်ခိုင်းလို့ ထွက်မှာမဟုတ်ဘူး၊ မင်းဆယ်ကြိုးကျကျ သာလှကတော့ သူ အလုပ်ပြုတ် ခံမှာမဟုတ်ဘူး၊ ဝတ်အသင်းလူကြီး၊ ဓမ္မာရုံကျောင်းဆရာ၊ ရပ်ရွာဆိုတဲ့ ဂုဏ်၊ ကလေးတွေနဲ့၊ ရပ်ထဲ ရွာထဲမှာ လူလုပ်နေတာ"

"ဒီလိုဖြင့် ငါ ဘယ့်နှယ်လုပ်ရမလဲ သူငယ်ချင်းရဲ့၊ ငါလည်း မဟုတ် ဘဲနဲ့ ကြိုးပေးခံရတော့မှာလား . . . သူငယ်ချင်းရဲ့ . . ."

"အဲဒါခက်တာပေါ့၊ ဒီမိန်းမကြီးသေမှ ပစ္စည်းတွေကို မင်း အကုန်ရ

mgyoe.com

mgyoe.com

မယ်ဆိုတာလည်း အားလုံးကသိနေတယ်၊ သတ်တာက အကြောင်းမဲ့၊ ပစ္စည်းကိုလည်းမယူ၊ တမင် အမွေရဖို့သတ်တာ၊ အောင်ကြီးနဲ့မင်းမိထွေးသားရင် ပစ္စည်းတွေရှိသမျှ အောင်ကြီးဖြုန်းပစ်လို့ကုန်မှာကို မင်း စိုးပြီး ဒီမိန်းမကြီးကို မင်းသုတ်သင်တာလို့ အားလုံးက ထင်နေတာပဲ၊ မထင်တာ ငါ တစ်ယောက်တည်းရှိတယ်၊ လုပ်တာကတော့ ဧကန်အောင်ကြီးပဲ၊ သူ ဖဲရှုံးလို့ ငွေတောင်းမရတဲ့အတွက် တစ်ချက်လွှတ်ဒေါသနဲ့လုပ်ခဲ့တာ ဒဏ်ရာ တစ်ချက်တည်းကလား၊ လက်နက်ကိုမတွေ့ရလို့ ခက်တာပေါ့၊ ဟိုညမှာ အောင်ကြီးကို ဖမ်းကြတော့ သူ့ကိုယ်မှာလည်း လက်နက်ဆိုလို့ ဘာမှမတွေ့ရဘူး၊ မိန်းမကြီး သွေးရူးသွေးတန်းဖြစ်ပြီး အိမ်ပေါ်က ပြေးဆင်းပြီး မကြာခင် အိမ်နဲ့မနီးမဝေးမှာ အောင်ကြီးကိုဖမ်းကြတာပဲ၊ မင်းကမနက်ရထားနဲ့ ဘုန်းကြီးကျောင်းက ဘူတာရုံကိုသွားလို့ ဘာမှမသိလိုက်ရဘူး၊ ညက ရန်ကုန်သွားမယ်ပြောပြီးမသွားဘဲနေလို့ဘုန်းကြီးကျောင်းမှာ မင်းကို တွေ့ရတာ မနက်စောစော မီးရထားဘူတာရုံကို သွားတာကို မြင်ရတာ၊ ပြီးတော့ သွေးစွန်းတဲ့ ပိုးလုံချည်တစ်ပတ်နွမ်းကို ကျောင်းမှာတွေ့ရတာ အဲဒါတွေဟာ အကုန် မင်းအပေါ်ကို ပတ်နေတာပဲ၊ မင်း ဒီမှာနေရင် အမှန်မိမှာပဲ၊ မင်း ပြေးမှဖြစ်မယ်၊ ငါဒီအတွက် စိုးရိမ်လို့လိုက်လာတာ၊ မင်းဒီဘက်မှာရှိတယ်ဆိုတာ သိသူတွေရှိတယ် သူငယ်ချင်းရဲ့ မြန်မြန် ပြေးမှတော်မယ်၊ ရာဇဝတ်ဆားပြေးရင်လွတ်နိုင်သတဲ့၊ ငါဒီအမှုကို မင်းပြေးနေခိုက်မှာ ကျိတ်ပြီး စုံထောက်မယ်၊ မင်းအတွက် စိတ်မချရရင် စုံထောက်နိုင်မှာလည်းမဟုတ်၊ ဉာဏ်လည်းထွက်မှာမဟုတ်ဘူး၊ မင်းမှာ ငွေရှိသေးရဲ့လား"

"နည်းနည်းပါးပါးပဲ ရှိတယ်"

သူငယ်ချင်း မောင်ဆိုင်သည် ရှပ်အင်္ကျီအိတ်၊ ဘောင်းဘီအိတ်များထဲမှ ငွေစက္ကူရှိသမျှကို အကုန်ထုတ်၍ ရေတွက်ရာ နှစ်ရာကျော်တွေ့ရှိရသဖြင့် လှဝင်းအားအကုန်ပေးပြီး . . .

"ကိုင်း . . . သူငယ်ချင်း ဒါပဲ၊ ငါ့မှာ တခြားကိုစွမရှိဘူး၊ မြန်မြန်နော် မြန်မြန်"ဟုပြောပြီး လှေငယ်ကလေးရှိရာသို့သွားပြီး မကြာမီ ကျွန်းအစွေ့

mgyoe.com

တွင် ပျောက်ကွယ်၍သွားလေ၏။

လှဝင်းသည် သဲသောင်ပြင်၌ရပ်ကာ တွေဝေလျက် ကျန်ရစ်လေ၏။

နောက်အတန်ငယ်ကြာသောအခါ လှမေထံသို့သွားရာ အိပ်ပျော်၍နေသည်ကို တွေ့ရှိရသဖြင့် အပါး၌ထိုင်ကာ နှိုးပြီး အကျိုးအကြောင်းကို ပြောရကောင်းမလား၊ မိမိမှာကား ဧကန်ပြေးရတော့မည်။ မပြောဘဲ ထွက်၍သွားရလျှင်တော်မလား စသည်ဖြင့်စဉ်းစားရင်း မျက်ရည်တွေ ဝိုင်းဝိုင်းလည်၍ လာလေ၏။ အခြားအဖော်များမှာ အတော်ကလေး ကွာလှမ်းသောနေရာ၌ အိပ်၍နေကြလေ၏။ လှမေ၏နေရာမှာ ၎င်းတို့နှစ်ယောက်၏နေရာ ဖြစ်လေရာ အခြေအနေကိုကြည့်လျှင် အတိအလင်း အထင်အရှား ဇနီးမောင်နှံတို့အသွားမျိုးလိုဖြစ်၍ နေလေ၏။

လှဝင်းသည် မခွဲနိုင်မခွာရက်နေဖို့ရန်မှာအခက်၊ သွားဖို့ရန်အခက် ဖြစ်၍နေလေ၏။ မိမိမှာ ရာဇဝတ်ဘေးကြောင့် ရှောင်တိမ်း၍နေရသူဖြစ်ကြောင်းကို ပြောရလျှင် လှမေစိတ်မကောင်းဖြစ်မှာကို စိုးလေ၏။ ပြောပြီး နောက်သွားရလျှင် လှမေမှာ အချစ်ကြောင့် ညှိုးငယ်ကြုံပူဆွေးခြင်းဖြစ်ကာ မတော်တဆ အသက်ကိုထိခိုက်မှာကိုပင် စိုးရမည့်အကြောင်းကိုလည်း ကောင်း၊ တစ်စုံတစ်ရာမပြောဘဲ သစ္စာဖောက်သူအလား တိတ်တဆိတ် ထွက်ပြေးရလျှင် လှမေမှာ အချစ်နှင့်ခွဲရခြင်းမဟုတ် အမုန်းနှင့်ခွဲရမည် ဖြစ်သောကြောင့် လှမေအတွက် အများကြီးသက်သာရာရမည်ကို တွေးမိလေ၏။ အကြောင်းမူကား သစ္စာဖောက်တဲ့အကောင် ငါ့ကိုတကယ်မချစ်ဘဲ လျက် အကောက်ကြံတဲ့အကောင်ဟု စိတ်၌စွဲမှတ်ကာ ဧကန်မုန်းမှာပဲ။ မုန်းလျှင်လွမ်းဖျားလွမ်းနာကျ၍ နေမည်မဟုတ်။ သူ့စိတ်ကိုသူ လွယ်လွယ် နှင့် ဖြေနိုင်မှာပဲဟု စဉ်းစားလေ၏။

သို့တွေးတောခိုက် လှမေ နိုး၍လာလေရာ လှဝင်းသည် ကလေးကို ပွေ့ထူသလို ပွေ့ယူပိုက်ထွေးယုယ ခွဲရမည့်အရေးကို တွေးတောကာ အားမရနိုင်အောင် ရှိလေတော့သတည်း။

"ခုနင်က လာသွားတဲ့လူ သွားပြီလား၊ ဘယ်ကလဲ"ဟု လှမေက

mgyee.com

 mmyoe.com 

မေးလေ၏။ လှဝင်းက ငှက်ပစ်လာသောမိတ်ဆွေ ကျောင်းနေဖက်သူငယ်ချင်း တစ်ယောက်ဖြစ်ကြောင်း ပေါ့ပေါ့ဆဆပြောပြီး လှမေ၏မျက်နှာကို မဝနိုင်သောမျက်လုံးများနှင့် ကြည့်လေ၏။ လှမေသည် မျက်လုံးများ၌ရှိသော ဖောင်းလျှံအောင် များပြောင်လှသည့် စကားများ၏အရိပ်အယောင်ကို သိမြင်သည့်အလား တစ်အောင့်ကလေးမျှ စဉ်းစား၍နေပြီး

"ကိုလှဝင်း ဒီကနေ့ ဘာဖြစ်သလဲ၊ ကျွန်မစိတ်ထဲမှာ ထူးခြားတယ်လို့ ထင်တာပဲ"ဟု မေးလေ၏။

"ဘာမှမဖြစ်ပါဘူး ... သူငယ်ချင်းက အလုပ်အကိုင်ကောင်းကောင်း တစ်ခုအကြောင်းကို ပြောလာလို့ စဉ်းစားနေတာပါ"

"ဘာကိုမှ ကိုလှဝင်း မစဉ်းစားရဘူး၊ ဒီဘဝမှာ ဘာအလုပ်မှလုပ်ဖို့ မလိုပါဘူး၊ ကျွန်မဦးကြီးဟာ အဌေးဆုံး အင်းသူဌေးကြီးတစ်ယောက် ဖြစ်တယ်ဆိုတာ ကိုလှဝင်း သိတယ်မဟုတ်လား"

"ကိုကိုက မိန်းမကိုမှီပြီး အသက်မွေးချင်တဲ့စိတ်မရှိလို့ ခက်တာပေါ့၊ ပြီးတော့လည်း အကုသိုလ်ငရဲက ရတဲ့ပစ္စည်းနဲ့ ချမ်းသာတာမှာ အနှစ်သာရမရှိလို့ ကိုကိုသဘောရတာပဲ၊ ပြီးတော့လည်း ကိုယ်တိုင် အစွမ်းနဲ့ ရှာဖွေစုဆောင်းရတဲ့ ပစ္စည်းမဟုတ်တော့ သုံးစားရာမှာ အရသာမရှိသလို ဖန်တငန့်ငန့်ကြီးဖြစ်နေတာပဲ၊ ဒီပြင်လည်း လှရဲ့ဦးကြီးနဲ့အရီးက အခုလိုဖြစ်ပျက်တာတွေကို သိကြတာမဟုတ်သေးဘူး၊ သိရင်မကန့်ကွက်ပေဘူးလား"

"ကိုလှဝင်းလို ယောကျ်ားကောင်းတစ်ယောက်ကို မကန့်ကွက်နိုင်ပါဘူး၊ ကန့်ကွက်ရင် ကျွန်မပိုင်ပစ္စည်းများကို တောင်းယူပြီး တော်ရာကိုရွှေ့ပြောင်း အလုပ်တစ်ခုခုကို လုပ်တာပေါ့၊ ကျွန်မ မိဘများက ထိန်တော်မိုးညိုကလို့ ပြောရပေမဲ့ မျိုးရိုးဇာတိက ကုန်သည်လယ်လုပ် မဟုတ်ပါဘူး၊ တိုက်သူကြီးအငြိမ်းစားပါ၊ မြို့အုပ်ဝန်ထောက်ဆိုတာတွေဟာ ကျွန်မ ဖေဖေရဲ့ဩဇာကို လှန်နိုင်သူ အင်မတန်နည်းပါတယ်၊ လာသမျှမြို့အုပ် ဝန်ထောက်များက ဖေဖေ့ကို အစ်ကိုလို့ခေါ်ကြရပါတယ်၊ ရန်ကုန်မှာလည်း

mmyoe.com

အမျိုးတွေ ရှိပါသေးတယ်၊ ဒီဦးကြီးတစ်ယောက်သာ ဖောက်ပြန်ပြီး အင်းသူကြီးဖြစ်နေတာပါ၊ ငယ်ငယ်က အင်မတန်တေလွန်းလို့ တစ်မျိုးလုံးက စွန့်ပစ်ထားကြသည့်အတွက် မခံချင်တဲ့စိတ်နဲ့ သူဌေးဖြစ်ရင်တော်ပြီ ဘာကို ပဲလုပ်ရလုပ်ရ စိတ်ကူးပြီး အင်းသူကြီးလုပ်တာတဲ့ ကိုလှဝင်းရဲ့၊ ကျွန်မ ကိုယ်ပိုင်ပစ္စည်းတွေအတွက် ကျွန်မ ဒုက္ခဖြစ်မှာစိုးပြီး သူတို့က စောင့်ရှောက်ကြတာပါ၊ ကျွန်မကို သူတို့ မပိုင်ပါဘူး၊ ကိုလှဝင်းနဲ့ကျွန်မအသက်မွေးဝမ်းရေးအတွက် ပူစရာ ဘာမှမရှိပါဘူး၊ ကျွန်မတို့ ပျော်သလောက် ဒီမှာနေပြီး သွားချင်တဲ့အခါကျတော့ သွားချင်ရာကို သွားနိုင်ပါတယ်၊ အလုပ်အကိုင်အတွက် ဘာပူစရာရှိလဲ"ဟု ပြောလေ၏။

လှဝင်းမှာ ပြောသောစကားများကို မကြားရ အဘယ်ပုံခွဲရမည်၊ အသည်းနှလုံးတို့မှာ နှစ်စုံမှာ တစ်စုံတည်းဖြစ်အောင် အချစ်ဆိုတဲ့ဂဟေဖြင့် ဆော်နှံ၍ထားသည်ကို ပြင်းထန်သော သောကဒုက္ခမီးနှင့်တွေ့ရမှသာ ဂဟေမှာ အရည်ပျော်၍ ကွဲဖို့ရှိသည်ကို တွေးခေါ်လျက် အခက်ကြီးကြုံ၍ နေလေသတည်း။

ထိုညဉ့်၌လှဝင်းသည် လှမေ၏အိမ်ခေါင်းရင်း သရက်ပင်အုပ်တစ်ခု အောက်၌ထိုင်ကာ အိမ်ကိုသာကြည့်၍နေလေ၏။ ထိုအခါ ကောင်းကင် အနောက်ဘက်စောင်း၌ လကလေးတစ်ခြမ်းသည် တိမ်လိပ်တိမ်ထပ်များ ထဲမှာ သာ၍နေလေ၏။

လှဝင်းသည် လှမေအိပ်သောအခန်းဘက်သို့ မော်လျက် ကြည့်နေလေ၏။ လှမေ တစ်ကိုယ်တည်းတွေးတောကာ မအိပ်ဘဲနေလေသလား၊ အိပ်မက်၌ ၎င်း၏လိပ်ပြာသည် လွင့်ပါးလျက် ပျော်မြူး၍နေလေသလား စသည်ဖြင့် တွေးခေါ်စဉ်းစား၍နေလေ၏။

သို့နေသောအခိုက်တွင် ပြတင်းပေါက်တစ်ခုပွင့်၍လာပြီး လှမေ၏ မျက်နှာသည် ရိမ်ငြိမ်သောလရောင်တွင် ပေါ်၍လာလေ၏။ လှဝင်း၏ ရင်ဝမှာဆို့၍သွားလေ၏။ လှမ်းခေါ်ကာ နှုတ်ဆက်ချင်လျက် စိတ်ကိုအနိုင် နိုင်ချုပ်ကာ မိမိကိုမမြင်ရအောင် မှောင်ရိပ်၌မလှုပ်မရှားဘဲနေလေ၏။

mgyee.com

mgyoe.com

လှမေ၏ပုံရိပ်မှာ မိမိကို တွေးတောပုံဖြစ်လေ၏။ ပြတင်းပေါက်၌ မျက်နှာကိုတစောင်းတင်ကာ လှဝင်းထိုင်၍နေသည့် မှောင်ရိပ်သောနေရာကို တည့်တည့်ကြည့်၍နေလေ၏။ လှဝင်းမှာ မိမိကိုယ်ကို ပြချင်သော်လည်း မပြဝံ့ဘဲ မှောင်ရိပ်မှမထွက်ဝံ့ရှိနေရာတွင် လွတ်ကနဲခေါ်မိမှာကို စိုးသောကြောင့် နှုတ်ခမ်းကိုမနည်းကြီး စောင့်ထိန်းရလေ၏။ လှမေ၏အမူအရာမှာ မိမိကို စိတ်မချသဖြင့် များစွာတွေးတောပူပန်သောအသွင် ရှိလေ၏။

အတန်ကြာသောအခါ ကောင်းကင်ကိုမော်ကြည့်ရင်း တိမ်များကိုလှမ်း၍စကားပြောသည့်အသွင်နှင့် ရင်ဘတ်ကို လက်နှစ်ဖက်ဖြင့်နှိပ်ကာ တမ်းတသောအမူအရာဖြင့် ပါးစပ်ကိုဟ၍ တစ်စုံတစ်ရာကို ပြောလေ၏။ ထို့နောက် တံခါးကိုပိတ်လိုက်လေ၏။

လှဝင်းလည်း ထိုင်ရာမှထပြီး မျက်ရည်များကိုသုတ်ရင်း မှောင်ထဲတွင် ဦးခေါင်းကို ငိုက်စိုက်ချလျက် လေးလံစွာလျှောက်၍သွားလေ၏။

ခွေးများလည်း နီးကပ်သောအိမ်များမှ ထွက်၍ဟောင်ကြ၊ ဆွဲကြသဖြင့် လှဝင်းလည်း ရွာပြင်သို့ထွက်ကာ လယ်ပြင်မှ မိမိ၏နေရာသို့ ပြန်လေ၏။ ထိုအခိုက်တွင် မီးရထားလမ်းဘက်သို့ တက်ကြသောလှည်းသံများကို ကြားရသဖြင့် လှည်းကြုံနှင့်လိုက်ရန် အမြန်ကလေးပြေးလေတော့သတည်း။

[၃]

သူဌေးဦးမင်းမောင်သည် အိမ်ရှေ့ခန်း ပက်လက်ကုလားထိုင်တွင် သတင်းစာကြည့်၍နေခိုက်တွင် ဆူဆူညံညံအသံများကို ကြားရသဖြင့် ပြတင်းပေါက်ကို ပြေး၍ကြည့်ပြီး လှေကားက ပြေးဆင်းလေ၏။ ပုလိပ်ခရာသံများသည် ဆူညံ၍နေလေ၏။ လမ်းဘေး၌ လူစုကြီး ဝိုင်းအုံလျက် ကုက္ကိုပင်တစ်ပင်ကို တိုက်မိပြီး တစောင်းအိပ်ကာ ဖွဲ့ခတ်လျက် ရှုးတူး

mgyoe.com

ရှိတဲပြစ်၍နေသော မော်တော်ကားတစ်စင်းနှင့် မြေပေါ်တွင် လိမ့်၍နေသော လူနှစ်ယောက်ကို ဝိုင်းအုံလျက်ကြည့်နေကြလေ၏။

မိန်းမပျိုကလေးတစ်ယောက်သည်ကား သူဌေးဦးမင်းမောင်၏အိမ် လှေကားရင်းသို့ ဆံပင်ဖိုးရိုးဖားရားနှင့် ရောက်၍သွားပြီး အိမ်ပေါ်မှာပြေး၍ ဆင်းလာသော ဦးမင်းမောင်ကို အတင်းပြေး၍ဖက်ကာ

"ကယ်တော်မူပါ၊ ကျွန်မကို အတင်းမော်တော်ကားနဲ့ တင်လာကြပါ တယ်၊ ဟောဟိုမှာ လဲနေတဲ့လူနှစ်ယောက်ပါ"ဟု ထိတ်လန့်တကြား ပြော လေ၏။

သူဌေးဦးမင်းမောင်သည် မိန်းမပျိုကို အိမ်ပေါ်သို့ဆွဲခေါ်၍ သွား လေ၏။ သူဌေးကတော်နှင့် အိမ်သားများသည် မိန်းမပျိုကိုများစွာ သနား ကြင်နာလျက် ဝိုင်းအုံကြည့်ရှု ဂရုစိုက်ကြပြီးလျှင် မေးကြ မြန်းကြလေ၏။ မကြာမီ မော်တော်ကားသမားနှစ်ယောက်ကို ပုလိပ်များလာရောက် ဆိုင်ရာသို့ဆောင်ကြဉ်း၍ သွားကြလေသတည်း။

သူဌေးကတော်ကြီးသည် မိန်းမပျိုကလေးကို ဂရုစိုက်ရင်း သူဌေး ကြီး၏မျက်နှာကိုလည်း မကြာမကြာ အကဲခတ်သလို ကြည့်လေ၏။ အကြောင်းမူကားမိန်းမပျိုကလေးမှာ ကြော့ရှင်းလှပပြည့်ဝဖြိုးဖွေးသူဌေး၏ စိတ်၌ခုံခုံမင်မင်ဖြစ်ဖွယ်ရာ ရုပ်ဆင်းကြန်အင်ရှိသည်ကိုသူရလေသတည်း။

နောက်တစ်နေ့နံနက် သတင်းစာများ၌ ... ဒီစကြိတ်နယ်မြို့မှ ရန်ကုန် သို့တစ်ယောက်တည်း ဆွေမျိုးများကိုရှာရန်လာသော အသက်နှစ်ဆယ် ကျော်ခန့်အရွယ်ရှိ မလှမေခေါ် မိန်းမပျိုကလေးကို မော်တော်ကားနှင့် အတင်းအဓမ္မတင်ဆောင်မှုနှင့် မြဒင်ခေါ်သူနှင့် စံလှအောင်ကျော် ထွန်းဦးခေါ် သူနှစ်ယောက်ကို ယမန်နေ့ည ၁၀ နာရီအချိန်လောက်တွင် ဖမ်းဆီး၍ မြို့မအချုပ်ထောင်ကြီး၌ ချုပ်၍ထားကြောင်း။

ကျွန်ုပ်တို့သတင်းထောက်ထံမှ ကြားသိရသည်အရ ၎င်းမိန်းမပျို လေး လှမေသည် ကွမ်းခြံဘူတာရုံကြီးမှထွက်ပြီး အရှေ့ကို အနောက်မှတ်၍ တစ်ကိုယ်တည်းမျက်စိလည်လျက် လျှောက်သွားရာ မော်တော်ကား

mgyon.com

myoe.com

တစ်စင်းသည် ၎င်း၏အနီးကို နှစ်ကြိမ်သုံးကြိမ် အပြန်အလှန်ဖြတ်သန်း၍ သွားကြောင်း၊ ထိုကားမှာ ကားနီဖြစ်ကြောင်း၊ စပတ်လမ်းနှင့် မောင်ဂိုမာရီလမ်းထောင့်သို့ရောက်သောအခါ တောင်ဘက်မှ ၎င်းကားသည် တစ်ဖန်ပေါ်လာကြောင်း၊ မိန်းမပျိုမှာ ထိုနေရာ၌ရပ်လျက် အဘယ်သို့သွားရမည် မသိသဖြင့် စဉ်းစားနေခိုက်ဖြစ်ရာ ကားပေါ်မှ လူနှစ်ယောက် ရုတ်တရက် ဆင်းပြီးအတင်းပွေ့တင်မောင်းနှင်၍ သွားကြကြောင်း၊ ကားမှာငယ်သဖြင့် လူနှစ်ယောက်မှာ မောင်းသောနေရာ၌ ယှဉ်၍ထိုင်ရသည်တွင် ရုန်းပြန်သော မိန်းမပျိုကို အားပြုဂရုစိုက်ပါသဖြင့် လမ်းငါးဆယ်အလယ်ပိုင်းသို့ ရောက်သောအခါ လမ်းနံဘေးရှိ ကုက္ကိုပင်ကိုဝင်၍တိုက်ပြီး ကားမှောက်၍ ကားသမားနှစ်ယောက်နှင့် မိန်းမပျို သုံးယောက်စလုံး ကားပေါ်မှ လွင့်စဉ်၍ ကျသွားကြကြောင်း၊ ကံအားလျော်စွာ မိန်းမပျိုမှာ အနည်းငယ် ခြေသလုံး၌ ပွန်းရှသော ဒဏ်ရာမှတစ်ပါး အခြားဒဏ်ရာ အကြီးအကျယ်မရ၊ တင်ဆောင်သူနှစ်ယောက်စလုံးမှာ ဦးခေါင်းတွင် ဒဏ်ရာပြင်းထန်စွာနှင့် ပုဇွန်တောင်ဌာနမှ ဆေးရုံကြီးသို့ပို့လိုက်ကြောင်း၊ မိန်းမပျိုကိုမူ ကားမှောက်သောနေရာ အနီးရှိ သူဌေးဦးမင်းမောင်က ဆီး၍ကယ်ဆယ်ထားကြောင်း ကြားသိရလေသည်။

နောက်ထပ် ကြားသိရသော သတင်းအရ ၎င်းမိန်းမပျိုကလေးမှာ ဆွေမျိုးများကို စုံစမ်းရှာဖွေ၍မရသေးသဖြင့် ခိုကိုးရာမဲ့ဖြစ်၍နေသောကြောင့် ဦးမင်းမောင်ဇနီးခင်ပွန်းတို့က မိမိတို့ဆိုင်၌ စာရေးအလုပ်ကို ပေး၍ထားပါမည်ဟု ပုလိပ်ဘက်ဆိုင်ရာသို့ တာဝန်ခံသဖြင့် လှမေအတွက် စိတ်မချဖွယ်ရာ အကြောင်းတစ်စုံတစ်ရာ မရှိတော့သည်ဖြစ်သောကြောင့် ပုလိပ်မင်းကြီးက သူဌေးမင်းနှင့်သူဌေးကတော်များအား များစွာကျေးဇူးတင်ကြောင်း တယ်လီဖုန်းနှင့် ပြောကြားလိုက်သည်ဟု ကြားသိရလေသည်။

ကားတင်သူနှစ်ဦးအနက် စံလှအောင်ကျော်ထွန်းဦးမှာ ဒဏ်ရာပြင်းထန်သဖြင့် စိုးရိမ်ရကြောင်းနှင့် ကြားသိရလေသည်။ လှမေမှာ သူဌေး အလုပ်တိုက်တွင် အလုပ်ရ၍နေလေသတည်း။

mgyoe.com

အလုပ်၌ ယောကျ်ားစာရေးများမှသာ အစစအရာရာ၌ တတ်လွယ်သိလွယ်၍ အလုပ်ကိုနိုင်နင်းသူဖြစ်ကြောင်းကို သူဌေးမင်းသိရသောကြောင့် သူဌေးမင်းမှာ များစွာကျေနပ်၍နေလေ၏။

လှမေမှာကား အလုပ်ကို ကြိုးစား၍လုပ်သော်လည်း အခါများစွာ အလုပ်လုပ်ရင်း ငေးမောတွေးတောလျက် မိမိ၏ထူးဆန်းသော ပြောင်းလဲပုံ အဖြစ်အပျက်ကို ပြန်လှန်တွေးတော ငေးမော၍ နေတတ်သည်ကို အခြားစာရေးစာချီအလုပ်သမားများ တွေ့ရှိကြသဖြင့် ၎င်း၏ရင်ခွင်၌ မီးနွေးနွေးကလေးတစ်ခု ရှိသည်ဟု တွေးခေါ်ပြောဆိုကြလျက် ထင်မြင်ချက် အမျိုးမျိုးတို့ကို ပေးကြလေသတည်း။

လှမေမှာ အတိအလင်းမဟုတ်သော်လည်း ဂုဏ်ရှိသူ၊ ချမ်းသာသူတို့ကို ဆင်းရဲသူများစွာတို့က ဝန်တိုဣဿာထားတတ်ကြသည့် ဓမ္မတာအတိုင်း ကျိတ်ကာကဲ့ရဲ့ကြသည်များကို ခံ၍နေရရှာသဖြင့် ရှက်သောကြောင့်တစ်ကြောင်း၊ ပူဆွေးဗျာပါ သောကမီးစာ၏ ကြီးစွာသောစွဲငြိကျွမ်းလောင်ခြင်းကြောင့်တစ်ကြောင်း အိမ်တွင်းမှအပြင်သို့ မထွက်ဝံ့အောင်ရှိနေရှာလေသတည်း။

လှဝင်း အဘယ်ပုံအဘယ်နည်း ထွက်၍သွားသည့်အကြောင်းနှင့်ပတ်သက်၍ အနည်းနည်းအဖုံဖုံတွေးသော်လည်း စိတ်ကျေနပ်လောက်သောအကြောင်းကို ရှာဖွေ၍မရ။ နောက်ဆုံးပေါ်ပေါက်သော ထင်မြင်ချက်မှာ ရေစက်ဆိုးဝါး အရပ်ရပ်ကိုလှည့်ပတ်ကာ ရုပ်ကလေးကိုပြပြီး အမျိုးသမီးကလေးများကို လှည့်စားဖြားယောင်း မကောင်းကျိုးကိုသာ ရှာကြလေ့ရှိသော သူယုတ်မာတစ်ယောက်ဟူသော ထင်မြင်ချက်ဖြစ်လျက် အချစ်နှင့်အလွမ်းကို တတ်နိုင်သမျှ ဖျောက်ဖျက်ကာ ဒင်းကမှ မကြင်နာလို့သွားမှဖြင့် ငါကဘယ်အတွက် စွဲလမ်း၍နေရမှာတုန်းဟု စဉ်းစားကာ လှဝင်း၏စိတ်ကို ကြိုးစား၍ ဖြတ်ရှာရလေသတည်း။

သို့ပင်ဖြစ်သော်လည်း အဟုတ်တကယ် စိတ်မှာမပြတ်၊ လှဝင်းနှင့် သွားလာလည်ပတ်သော နေရာအရပ်များကို တစ်ကိုယ်တည်း မထင်မရှား

mgyee.com

mgyoe.com

တိတ်တဆိတ်သွားရောက်ကာ အဆွေးမီးကိုသာ တစ်နေ့ပြီးတစ်နေ့ မွေးခြင်း၌ ဖြေဖျော်ရာကို တွေ့ရှိရာလေသတည်း။

ဦးကြီးနှင့်အရီးမှာကား အကြောင်းအရင်းကို အနည်းငယ် တစ်စမှ တစ်စ ထိုမှဤမှ ကြားသိကြရသော်လည်း မေးမြန်းစုံစမ်းခြင်းကို မပြုကြပေ။ အချစ်ရောဂါဝေဒနာမျိုးမှ လွတ်မြောက်ခြင်းအရွယ်သို့ လုံးလုံးလျားလျား ရောက်ကုန်ကြပြီးဖြစ်သူတို့မှာ ထိုမီးအကြောင်းကို နားလည်သင့်သလောက် နားမလည်နိုင်။ မေ့လျော့ခြင်းအဖြစ်သို့ ရောက်ကြလေတော့သဖြင့် ၎င်းတို့၏စိတ်၌ ထိုအရေးသည် ကြီးလေးသောအရေးမဟုတ်ပေ။ အကြောင်းမူကား တူမကလေးကို မိမိတို့၏မျက်ကွယ်သို့ ဆောင်ယူ၍ သွားနိုင်သောရန်သူကို မမြင်ကြရတော့ပေ။ ထိုရန်သူအနီးအပါးမှာရှိလျှင် အနည်းငယ် ပူပင်စိတ်မချဖွယ်ရာ ဖြစ်ဖို့ရှိလေ၏။

ထိုအတွင်း၌ အင်းစိန်ဒိစကြိတ် ဖလုံမြို့အနီး ရွာငယ်ကလေးတစ်ခုတွင် မိထွေးကိုသတ်၍ တိမ်းရှောင်နေသည်ဆိုသော မောင်ဝေခေါ် သူငယ်တစ်ယောက်မှာ စုံထောက်ဘက်၊ ပုလိပ်ဘက်ပေါင်း၍ စုံထောက်ရှာဖွေကြရာ ဘယ်မှာမျှ သဲလွန်စမရ၊ ခြေရာပျောက်ဖြစ်၍ နေလေ၏။

[ ၄ ]

လှဝင်းသည် ငွေထိန်းစာရေးမ မမြရွှေနှင့်တွေ့လျှင်တွေ့ချင်း ငယ်ပေါင်းကြီးဖော်ပမာ သူငယ်ချင်းဖြစ်၍ သွားလေ၏။ အကြောင်းမူကား လှဝင်းမှာ အင်္ဂလိပ်စာကို အတော်တတ်၍ အလုပ်အကိုင်မှာလည်း သွက်လက်လျင်မြန်၍ တတ်လွယ်လေရာ ယောကျ်ားကလေးဖြစ်မှန်း မသိသော မမြရွှေမှာ အံ့ဩချီးမွမ်းသောစိတ်၊ ချစ်ခင်ဖွယ်တာသောစိတ် ပေါ်ပေါက်၍ လာခြင်းဖြစ်လေ၏။ လှဝင်း၏နေ့တိုင်သွားလာပုံ ထပ်မြန်ခြင်းနှင့် ပတ်သက်၍မူကား အကြောင်းပြပုံမှာ ယုတ္တိခိုင်လုံသည်ကားအခြားမဟုတ် ငယ်စဉ်

mgyoe.com

ကပင် ယောကျ်ားမောင်ဖွားများ၏ အလယ်၌ မိန်းကလေးတစ်ယောက်တည်း ကြီးပြင်း၍လာရခြင်းကြောင့် ယောကျ်ားအမူအရာရှိ၍နေသည်ဟူသော အကြောင်းဖြစ်လေ၏။

ထိုသူဌေးတိုက်၌ အလုပ်လုပ်၍နေသည်မှာ ခြောက်လကျော်ခန့် ကြာ၍သွားလေရာ ထိုခြောက်လမှာ မြရွှေ စိမ်နေရာချ၍ပေးထားသော ဒေါ်ရှင်ခေါ် မိန်းမကြီးတစ်ယောက်၏ အိမ်၌နေခဲ့လေ၏။ ဒေါ်ရှင်မှာ အသက် ခြောက်ဆယ်ခန့်အရွယ်ရှိလေရာ မြေးကလေးဖြစ်သူတစ်ယောက်နှင့် အမြဲအားဖြင့် သိမ်ကြီးဈေး၌သာ အချိန်ကုန်သူဖြစ်လေ၏။ ထမင်းကို ထမင်းဆိုင်တစ်ခုက နေ့စဉ်လာပို့လေ၏။ သို့ဖြစ်လေရာ လှဝင်းမှာ အနှောင့်အယှက်ကင်းလျက် မိမိလှို့ဝှက်ခြင်းမှာ ကောင်းစွာစိတ်ချရအောင် လုံခြုံ၍နေလေသတည်း။

အနည်းငယ်မျှသော အနှောင့်အယှက်ကလေးတစ်ခုသာ ရှိလေ၏။ ထိုအနှောင့်အယှက်ကလေးမှာ အခြားမဟုတ် များစွာအကျွမ်းတဝင်ဖြစ်လိုသော ပွဲစားကိုစိုးဖြစ်လေရာ ၎င်းမှာ ဒေါ်ရှင်နှင့် ဆွေမျိုးတော်စပ်သဖြင့် အိမ်ကို ဘယ်အခါမဆို ဝင်ပိုင်ထွက်ပိုင်သူတစ်ယောက် ဖြစ်၍နေလေ၏။

လှဝင်းမှာ အဘယ်မျှကြာစွာ လှို့ဝှက်ဟန်ဆောင်သောအနေ၌ နေရမည်ကိုတွေးတောကာ ကိုယ်စိတ်နှစ်ဖြာ မကျွတ်မလွတ်အကျဉ်းခံနေရသူကဲ့သို့ ဖြစ်နေလေ၏။ လှမေ အဘယ်ပုံနေရှာပါသနည်း။ အခြားယောကျ်ားတစ်ယောက်ယောက်နှင့်များ တွေ့၍နေလေပလား။ ငါ့ကိုတော့ အမှန်စိတ်နာမှာပဲ။ စိတ်နာလျှင် ငါအခု တွေးရသလို တွေးတောကာ ဆွေး၍နေမည်မဟုတ်။ ယခုအနေမှာ တစ်စုံတစ်ယောက်၏ ရင်ခွင်၌ မွေ့လျော်၍နေရှာလေမလား၊ ရိုင်းစိုင်းသော တံငါတောထဲမှာပဲ ဒင်း ဧကန်ကြာကြာနေနိုင်မည်မဟုတ်၊ စိတ်လက်လေလွင့်ကာ အရပ်ရပ်ရှိ အသိမိတ်ဆွေများထံ သွားလာလည်ပတ်၍နေမှာပဲ၊ ဤကဲ့သို့နေလျှင် သူလို ရုပ်ချောဥစ္စာပေါ၊ တံငါဖြစ်သော ဦးကြီးအရီးတို့မှတစ်ပါး အခြားဆွေမျိုးညာတိရှိကြလျှင် ဂုဏ်အသရေရှိ အမျိုးကောင်းတွေ ဖြစ်မှာပဲ။ ဒီရန်ကုန်မြို့မှာပင် ဆွေမျိုး

mgyie.com

များရှိသည်ဟု ပြောဖူး၏။ အဘယ်သူများ ဖြစ်ကြပါလိမ့်မလဲ စသည်ဖြင့် အခါခါတွေးတောလေ၏။

ထိုတွေးတောခြင်းများသည် အလွမ်းမီး အဆွေးမီးကလေးများကို မငြိမ်းမပျောက်စေရအောင် အမြဲမွေးသည်နှင့်တူလေရာ အခါများစွာမတွေးတော့ပါဘူးလေဟု ဆင်ခြင်လျက်ဖျောက်ဖျက်လေ၏။ ဖျောက်ဖျက်သော်လည်းမရ တစ်ကိုယ်တည်းနေရသူ၏ စိတ်နှလုံးတံခါးကိုလွန်ခဲ့သောအချစ်သတ္တိမပြတ်မစဲ အမြဲလာ၍တီးခေါက်ကာ နှိုးသလိုလုပ်၍နေလေ၏။

အလုပ်တိုက်၌ ရှိသမျှယောက်ျား၊ မိန်းမ၊ စာရေးအားလုံးတို့က လှဝင်းကို ချစ်ကြခင်ကြသဖြင့် သာလွန်ရင်းနှီးစွာ ပေါင်းသင်းချင်ကြသော်လည်း တိုးတက်ကြီးပွားရာ ကြီးပွားကြောင်း၊ ကုန်သွယ်ရေးအတတ်ပညာကောင်းတို့ကို စားမေးပွဲဝင်ရန် သင်ကြား၍နေရသဖြင့် အနှောင့်အယှက်များကို နည်းနိုင်သမျှ နည်းစေလိုသည့် အမှတ်လက္ခဏာတို့ဖြင့် ရင်းနှီးခြင်းများ မဖြစ်ရအောင် ကာကွယ်လေ၏။ သို့ကွယ်ကာခြင်းပြင်လျှင် သံလိုက်ဓာတ်တစ်မျိုးဖြစ်၍နေလေသည်။ တစ်ခါတစ်ရံ မိမိ၏စားပွဲ၌ နှင်းဆီပန်းကလေးများကို အမည်မသိသူတစ်ယောက်ယောက်က တင်ထားသည်ကို တွေ့ရှိရ၏။ မိမိကတစ်ဆင့် ထိုပန်းများကို မမြရွှေအား ဆက်သလေ၏။ ခရစ္စမတ်အခါ၌ စားပွဲပေါ်၌ လက်ဆောင်ကလေးများကို တွေ့ရှိရလေ၏။ သို့သော်လည်း ကိုစိုး၏အနှောင့်အယှက်လောက် မည်သူ၏အနှောင့်အယှက်မျှ ပိုမို၍မကြီးပေ။ လှဝင်းမှာ မိမိကိုယ်ကို မိမိ ရှက်ကြောက်လျက်နေလေ၏။ မိမိကို စုံထောက်များလိုက်၍နေကြောင်း၊ မိမိ၏အမှုနှင့်ပတ်သက်သော သတင်းများဖြင့် သိရလေရာ အခြားနည်းဖြင့် လှျို့ဝှက်ရန်ရှာကြံ၍မရသောကြောင့်သာ ထိုကဲ့သို့နေရလေရာ များစွာဝန်လေးခြင်းဖြစ်၍နေလေ၏။ အခါများစွာ ဘယ်လိုပဲဖြစ်ဖြစ် အမိခံတော့မည်ဟု ကြံစည်သော်လည်း "တစ်ကျွန်းနှင့် ကြိုး"ဟူသောစကားကို နား၌ကြားရသလိုဖြစ်ကာ အကြောက်ဝင်လျက် စွန့်စားခြင်းမပြုနိုင်ဘဲနေလေ၏။

တစ်နေ့သ၌ တိုက်မှာအလုပ်လုပ်နေရာမှ ဦးခေါင်းကို ထောင်လိုက်

်သောအခါ မိမိကိုကြည့်၍နေရာမှ အခြားဘက်သို့ လှည့်၍သွားပြီး ရောင်းသော လက်ပတ်နာရီတစ်ခုကိုကြည့်၍ ရောင်းသူအား အဖိုးကိုမေး၍နေသူတစ်ယောက်ကို မြင်ရလေ၏။ ၎င်း၏မျက်နှာကို သေချာစွာမမြင်ရချေ။ မိမိကိုကြည့်ပြီးမှ နာရီများဘက်သို့ လှည့်သွားကြောင်းကိုသာ တစ်နည်းနည်းအားဖြင့် သူသိလိုက်ရလေ၏။ ထိုလူမှာ ဘန်ကောက်လုံချည်နှင့် ဘရေဇာကုတ်၊ ဦးထုပ်ကာကီရောင်ကို ဝတ်ဆောင်းသူဖြစ်လေ၏။ လှဝင်း၏မျက်လုံးများဝေလျက်၊ စာလုံးစက်ကို မှန်မှန်မနှိပ်နိုင်၊ စာများကိုလည်း မမြင်နိုင်အောင် ထိတ်လန့်ကာ မျက်နှာမှာသွေးဆုတ်၍ သွားသည်ဟု သိရသဖြင့် တစ်ဖန်ခေါင်းငုံ့ကာစာများကို တစ်ခုပြီးတစ်ခု ရေးခြစ်ဟန်ဆောင်၍ နေရလေ၏။ နောက်မကြာမီ မရဲတရဲမော်၍ကြည့်လိုက်သောအခါ ထိုလူကို မမြင်ရတော့ပေ။ တံခါးဘက်သို့လှည့်၍ ကြည့်လိုက်သောအခါ ကျောခိုင်းလျက် မှန်ကြီးတစ်ခုကို သေချာစွာကြည့်၍နေသည်ကို မြင်ရသဖြင့် လှဝင်းသည် မိမိ၏အလုပ်ကိုလှည့်၍ လုပ်ပြန်လေ၏။ တစ်ကိုယ်လုံးမှာ ကယောင်ကတန်းဖြစ်၍နေလေ၏။ သို့သော်လည်း ထိုလူကိုမကြည့်ဘဲ မနေနိုင်သဖြင့် တစ်ဖန်လှည့်၍ ကြည့်ပြန်ရာ မရှိတော့သည်ကို သိရလေ၏။ လှဝင်း၏ရင်ထဲမှာ အေးခနဲဖြစ်လျက် ကစားနှ်ကယင်ရှိနေသည်ကို သိရလေသတည်း။

နာရီရောင်းသော ကရင်စာရေးကလေးကို ကြည့်လိုက်ရာ ကရင်စာရေးကလေးပြုံးလျက်၊ မိမိထံ ကွေ့၍လာပြီး

"ဟိုလူဟာ မလှဝင်း သိသလား"ဟု မေးလေ၏။

"မသိဘူး ကျွန်မ မမြင်လိုက်ဘူး၊ ဘယ်သူလဲ"

"ခုပဲ ထွက်သွားတယ်၊ နာရီအဖိုးမေးပြီး နောက်မှလာဦးမယ်လို့ ပြောပြီးထွက်သွားတယ်၊ ခင်ဗျားကို တော်တော်ကြည့်တာပဲ"ဟုပြောပြီး မိမိနေရာသို့ ပြန်၍သွားလေ၏။

လှဝင်းမှာလွန်စွာမှကြောက်ရွံ့လေ၏။ အလုပ်ကိုမလုပ်နိုင်တော့ပေ။ စုံထောက်ထင်ပါရဲ့၊ ကေန် ငါ့ကိုသိသွားပြီ မိတော့မှာထင်ပါရဲ့ဟု အောက်

mgyi.com

mgyoe.com

မေ့လေ၏။

ထိုနေ့၌ အခြားစာရေးများ ဆင်းပြီးနောက် မိမိ ဆင်းနေကျတံခါး၌ မထွက်ဘဲ နံဘေးအပေါက်တစ်ခုမှထွက်လေ၏။ ထိုအခါ ခတ်မီးများ ထွန်းပြီးဖြစ်လေ၏။

အပြင်သို့ရောက်သောအခါ တောင်မြောက်လေးပါးကိုကြည့်ပြီး အနီးအပါး၌ တစ်စုံတစ်ယောက်ကို မမြင်ရသဖြင့် လန်ချားတစ်စင်းပေါ်သို့ တက်ပြီး ထင်ရာကိုအသွားခိုင်းလေ၏။

ဆိုင်မှာ ကုန်သည်လမ်းထောင့်တစ်ခုဖြစ်ရာ လှဝင်း၏လန်ချားမှာ ကမ်းနားဘက်ကို မကြာမီရောက်၍သွားပြီး အနောက်ဘက်သို့အကွေ့တွင် အတော်ကလေးကွာလှမ်းသော ထောင့်တစ်ခုမှ လန်ချားတစ်စင်းကွေ့ထွက်လိုက်လာသည်ကို မြင်ရလေ၏။

"ဟေး ... ဂျာလတီးဂျောင်း ... ဘေးကီးရေး ..."ဟုပြောလိုက်ရာ လန်ချားကုလားသည် ထိတ်ခနဲဖြစ်သလို လှည့်၍ကြည့်လေ၏။

"ဂျောင်း ... ဂျောင်း ..."ဟု လှဝင်းက အသံပြောင်းကာ ပြောလေရာ လန်ချားကုလားသည် ခပ်မြန်မြန်ကလေးသွားလေ၏။ နောက်ကိုလှည့်ကြည့်သောအခါ လိုက်၍လာသောလန်ချားမှာ မျက်ကျောမပြတ်ရုံ တမင်လိုက်သည်မှာ မှတ်ထင်ဖွယ်ရာဖြစ်လောက်အောင် မှန်မှန်ကြီးလိုက်သည်ကို သိရလေ၏။

ယနေ့ညဉ့် ငါထောင်ကြီးထဲကို ရောက်တော့မှာပဲဟု စိတ်ချလိုက်လေ၏။ လန်ချားကို ဘားလမ်းသို့ကွေ့၍တက်စေ၏။ နောက်က လူနှစ်ယောက်နှင့်လန်ချားမှာ ကွေ့၍လိုက်လေ၏။ လူနှစ်ယောက်အနက် တစ်ယောက်မှာ ဘရေဇာကုတ်ဝတ်ကြောင်း ကာကီရောင်ဦးထုပ်ကိုဆောင်းကြောင်းမြင်လေရာ၊သာလွန်စိတ်ချလျှက် ကြီးစွာထိတ်လန့်ခြင်းဖြစ်လေ၏။

လှဝင်းသည် ဆူးလေဘုရားအနီး လမ်းတစ်လမ်းထဲသို့ ဝင်၍သွားပြီး မိမိငှား၍နေသော အိမ်ရှေ့၌ရပ်၍ဝင်ပြီး အတွင်းမှကြည့်လိုက်ရာ မကြာမီ လူနှစ်ယောက်နှင့် လန်ချားသည် အိမ်ရှေ့ကို ဖြတ်၍သွားကြသည်ကို မြင်

mgyoe.com

mgyoe.com

လိုက်ရလေ၏။ ဘရေဇာကွတ် ကာကီရောင်ဦးထုပ်ကို ဆောင်းသူမှာ သဏ္ဌာန်အားဖြင့် မကြီးလှပေ။ ၎င်း၏အဖော်မှာ လူလုံးလူထည် ခပ်ကြီးကြီး မှတ်ထင်ရလေ၏။

"လှဝင်းသည် ထိုလန်ချားလွန်၍ သွားသောအခါ ထွက်၍ကြည့်လေလျှင် လန်ချားမှာ ကွေ့ထွက်၍သွားသည်ကို မြင်လိုက်ရလေ၏။"

လှဝင်းမှာ ထိုညဥ့်၌ အိပ်မပျော်ပေ။ အမယ်ကြီးမြေးအဘွားမှာလည်း တောမှကုန်စိမ်းများကျသဖြင့် သိမ်ကြီးဈေးမှ မပြန်ပဲနေကြလေ၏။

"ငါ့ကို ညတွင်းချင်းများ လာ၍ဖမ်းမလား"ဟု တွေးရင်း မိုးလင်း၍သွားလေ၏။

နောက်တစ်နေ့ တနင်္ဂနွေနေ့ဖြစ်လေ၏။ လှဝင်းမှာ အဘယ်ကိုမျှမသွား အိမ်ပြတင်းပေါက်တစ်ခု၏ တရုတ်ကပ်ကိုဖွင့်ကာ လမ်းဘက်ကို တစ်ခါတစ်ခါကြည့်ရင်း သတင်းစာမဂ္ဂဇင်းများကို ဖတ်၍နေလေ၏။ သို့သော်လည်း စိတ်သည် စာထဲသို့မဝင်သဖြင့် မဂ္ဂဇင်းစာအုပ်ကိုပိတ်ကာ တရုတ်ကပ်အကြားမှ လမ်းဘက်ကိုကြည့်လိုက်လေ၏။ လန်ချားစီး၍ လာသော လူနှစ်ယောက်သည် မိမိကိုကြည့်ရင်း ကျော်လွန်၍သွားကြသည်ကို မြင်လိုက်ရလေ၏။ လှဝင်းသည် တရုတ်ကပ်ကိုချပြီး အိမ်ထဲ၌ အပြန်အလှန်လမ်းလျှောက်ကာ စဉ်းစား၍နေလေ၏။ ကာကီဦးထုပ်နှင့် ဘရေဇာကုတ်ဝတ်သူမှာ ဦးထုပ်သည် နားရွက်များကို ဖုံးလုခမန်း မြှုပ်၍ကျသည်ကို မှတ်မိလိုက်လေ၏။

ငါ့ကို သေသေချာချာ မသိကြသေးသောကြောင့် သေချာစွာသိရအောင် စောင့်ဆိုင်း၍နေကြတာနှင့်တူတာပဲ၊ ငါတော့ တစ်ကျွန်းကိုရောက်မလား၊ ကြိုးကျမလား၊ ငါ၏အချိန်မှာ နီးကပ်၍လာတာအမှန်ပဲ အဘယ်ကို ပြေးရပါ့မလဲ၊ အဘယ်ရပ်ကို ပြောင်းရပါ့မလဲ။ ရပ်တစ်မျိုးပြောင်းလျှင် အဝတ်အစားအမျိုးမျိုးလုပ်ရသဖြင့် စရိတ်စကများစွာ ကုန်ကျ၏။ ငါနေသောနေရာနှင့် အလုပ်လုပ်သောနေရာကို စီအိုင်ဒီ အသေအချာ သိလေပြီ။ ငါရှောင်၍ လွတ်ပါတော့မလား စသည်ဖြင့် တွေးကြောက်ရွံ့လျက်နေ

mgyoe.com

mgyoe.com

လေ၏။ ကြောက်ရွံ့ခြင်းမှတစ်ပါး အခြားမည်သည့်အကြံမျှမရပေ။

ထိုကဲ့သို့နေခိုက်တွင် တံခါးခေါက်သောအသံကို ကြားရသဖြင့် ဦးခေါင်းများကြီးပြီး သွေးမွှန်၍သွားလေ၏။

မိပြီ။ သတင်းစာတွေမှာ ဆူညံတော့မည်။ လွန်ခဲ့သောခြောက်လလောက်က မော်တော်ကားအတင်ခံရသော တောသူမကလေးမှာ လူသတ်မှုနှင့် တိမ်းရှောင်၍နေသော ယောကျာ်းကလေးဖြစ်သည်ဟူသော သတင်းကို၊ သူသူငါငါလုံ၍ ဖတ်ကြတော့မည်ဟု ရွှတ်လျက်တွေဝေ၍နေလေ၏။

တံခါးမှခေါက်သောအသံကို ထပ်၍ကြားရလေ၏။

ဟင် ... ဖြစ်စရာရှိသမျှ မြန်မြန်ဖြစ်၊ မြန်မြန်ပြီးတာပဲ ကောင်းတယ်ဟုတွေးပြီး မည်သူမည်ဝါဟူ၍မမေးဘဲ တံခါးကိုသွား၍ ဖွင့်လေ၏။

ဩော် ... မလှဝင်းတစ်ယောက်တည်းလား သူတို့မြေး အဘွားကောဟု မေး၍ဝင်လာသော ကိုစိုးကိုမြင်မှ ရင်ထဲ၌ကျောက်လုံးကြီးကျ၍ သွားလေ၏။ သို့သော်လည်း ပြီးမယ်ထင်လျက်မပြီးဟု တွေးကာ ကြောက်သောအကြောက်သည် တစ်ဖန်လေးလံစွာ တက်ကြွ၍လာသဖြင့် ကိုစိုးအား စကားပြန်၍မပြောအားသေးဘဲ၊ မိမိ၏နေရာသို့ပြန်သွားပြီး ဖျင်ကုလားထိုင်ကလေးမှာထိုင်ကာ ကိုစိုးကို ပြုံးလျက်ကြည့်၍နေလေ၏။

"ကျန်းကျန်းမာမာ ရှိပါရဲ့လား၊ ဟောဒီမှာ မလှဝင်းဖို့"ဟုပြောကာ အထုပ်ကလေးတစ်ခုကို အင်္ကျီအိတ်ထဲမှထုတ်ကာ ခွာညိုပြန်းအတုကလေးကို စက္ကူထုပ်ထဲမှ ဖြည်ထုတ်၍ပေးလေ၏။

လှဝင်းသည် ဝမ်းသာဟန်အမူအရာနှင့် ယူလေရာ ကိုစိုး၏လက်များနှင့် မိမိ၏လက်ကို ကိုင်မိလေ၏။ ထိမိခြင်းမှာ အတန်ကလေးကြာလေရာ ကိုစိုး၏မျက်နှာမှာ ပြောင်းလဲ၍သွားသည်ကို မြင်လိုက်ရလေ၏။ ထိုင်လေဟုပြောပြီး ကြမ်းပိုးထူသော မတ်တတ်ကုလားထိုင် ခနော်ခနဲ့တစ်ခုကိုပြလေရာ ကိုစိုးသည် ကုလားထိုင်ကို လှဝင်း၏အနီးသို့ ရောက်အောင်ဆွဲယူ၍ ထိုင်လေ၏။

မကြာမီ စကားပြောလျက် နေကြလေ၏။ ကိုစိုးသည် အိမ်ရှေ့မျက်

mgyoe.com

mgyoe.com

စောင်းထိုး လက်ဖက်ရည်ဆိုင်မှ လက်ဖက်ရည်ကို မှာလေ၏။

လက်ဖက်ရည်သောက်ရင်း ကိုစိုးသည် လှဝင်း၏ခြေကို မိမိ၏ ခြေနှင့် ထိမှန်းမသိထိလေရာ လှဝင်းက ပြုံးလေလျက် မျက်နှာကိုချကာ လက်ဖက်ရည်ကိုသာ လျှင်မြန်စွာသောက်ပြီး ရယ်ချင်သဖြင့် လက်ဖက်ရည်သီးလုခမန်းဖြစ်သောကြောင့် ထ၍သွားလေရာ အတွင်းခန်းတံခါး အနီးသို့ရောက်လျှင် ကိုစိုးကတော်လုပြီ အိမ်မှာလည်း မည်သူမျှမရှိ ငါ့ကို အတွင်းခန်းထဲအရောက် ခေါ်တာပဲဟု အောက်မေ့ကာ ထ၍လိုက်လေ၏။

တံခါးနား၌ လှဝင်းသည် ရပ်ကာ နောက်သို့လှည့်ပြီး

"ဘယ်ကို သွားမလို့လဲ"ဟု ကိုစိုးအား မေးလေ၏။

"မေးနေရသေးသလား . . . မဝင်းရယ်၊ အခုလောက်ကြာရင် သိရောပေါ့၊ ဒီမှာ ဘာဖြစ်နေတယ်ဆိုတာ သိတယ်မဟုတ်လား"ဟု မိမိ၏ ရင်ဘတ်ကို ပုတ်ကာပြောလေ၏။

ခက်နေပါပြီ . . . မြွေပူရာ ကင်းမှောင့်ဆိုတာလို ဒီလူဟာ ငါ့ကိုအဟုတ်ပဲ မိန်းမထင်လို့လား၊ သို့မဟုတ် စိအိုင်ဒီသူလျှိုမို့ သေသေချာချာသိရအောင် စုံစမ်းဖို့လာတာလားဟုတွေးပြီး . . .

"အိမ်မှာ ဘယ်သူမှလည်းမရှိဘူး တစ်ယောက်တည်းရယ်၊ အိမ်နီးပါးချင်းတွေ တစ်မျိုးထစ်မည်ထင်နေမယ် ကိုစိုးရဲ့၊ ပြန်ပါ"ဟုပြောလေ၏။

"ပြန်ဖို့လာတာမှ မဟုတ်ဘဲ၊ တမင် ဘယ်သူမှမရှိမှန်းသိလို့ လာတာပါ၊ လာပါမဝင်းရဲ့"ဟု အပါးကိုကပ်လျက် ခါးကိုပွေ့လိုက်သောအခါ ကိုစိုး၏ခံတွင်းမှ ပက်ထရိုဓာတ်ဆနှင့်တူသော ချက်အရက်နံ့ကိုရသဖြင့် ဒီငနဲကြီးတော့ ရမ်းမလို့ဘဲဟု တွေးကာရုန်းလိုက်ရာ ကိုစိုးက အတင်းအခန်းထဲကို ဆွဲ၍သွင်းလေ၏။

လှဝင်း၏ ယောကျ်ားစိတ်သည် ရေထဲသို့ထိုးချလိုက်သော ဝါးလုံးသည် ထောင်လျက်ထိုးတက်သလို တိုးထွက်၍လာလေ၏။ မကြာမီ အခန်းထဲ၌ နှစ်ယောက်သား ရုန်းရင်းဆန်ခတ်ဖြစ်လေ၏။ လှဝင်းမှာ တမံသလင်းပေါ်တွင် ထိုင်လျက်ကျလေ၏။ ကိုစိုးက လက်ကို အတင်းဆွဲလေ၏။

mgyoe.com

mgyoe.com

လှဝင်းသည် တစ်ဟုန်တည်း ခုန်၍ထပြီး ကိုစိုးကို တအားတွန်း၍ ထုတ်လိုက်ရာ အိမ်ရှေ့ခန်း၌ ဝမ်းလျားမှောက်လဲ၍ နေလေ၏။ ပုဆိုးရှည်မှာ ပြုတ်လျက် တန်းလန်းဖြစ်ပြီးလျှင် အတွင်းဘောင်းဘီတိုကလေးနှင့်နေလေ၏။ ကိုစိုးသည်လူး၍ထပြီး၊ ပုဆိုးကိုပြန်၍ဝတ်ရင်း တွေးတော အံ့သြသောအမူအရာနှင့် လှဝင်းကို အတန်ငယ်စိုက်ကာ ကြည့်နေလေ၏။

တယ်သန်တဲ့ အကောင်မပါကလား၊ မောင်းတစ်လုံးတည်းထင်ပါရဲ့ ဟု တွေး၍နေခိုက်တွင် လှဝင်းက . . .

"သွားလေ မသွားသေးဘူးလား၊ ဘာမှတ်သလဲ"ဟုပြောရင်း တွန်း ဦးမည့်အရာနှင့်လာလေရာ ကိုစိုးသည် သုတ်သီးသုတ်ပျာ ဆင်း၍သွားလေ၏။ ဝတ်ဆင်၍မပြီးသေးသော ပုဆိုးကြီးမှာ လမ်းပေါ်တွင်လွင့်လျက် ကိုစိုး၏နောက်သို့ မလိုက်ပါချင်လိုက်သလို လုပ်၍နေလေ၏။ လူအများသည် အိမ်များမှ ထွက်၍ကြည့်ကြလျက် ရယ်မောကြလေ၏။

အတန်ငယ်ကြာမှခက်ပြီ ငါ့ကို သိသွားပြီ၊ ဒင်း ဇကန်ပြောတော့မှာပဲ၊ သိပြီးသားမို့ စမ်းတာများလား စသည်ဖြင့်တွေးလျက် ကြောက်ရွံ့၍နေလေ၏။

နောက်တစ်နေ့ အလုပ်ကိုသွားသောအခါ တရုတ်ကပြားနှင့်တူသော ယောက်ျားတစ်ယောက်သည် ၎င်းကို လမ်းတစ်ဖက်မှကြည့်၍နေသည်ကို မြင်ရသဖြင့် ဆိုင်ထဲသို့အမြန်ဝင်၍သွားလေ၏။ ထိုလူမှာ တရုတ်ဘောင်းဘီ ဘရေဇာကုတ်၊ ကာကီရောင်ဦးထုပ်ကို ရှေ့သို့စိုက်စိုက်ကလေး ဆောင်းလျက်။ မျက်မှန်အညိုကို တပ်ဆင်၍ထားလေ၏။ သို့ဖြစ်၍ အဘယ်လို မျက်မှန်မျိုး ဖြစ်သည်ကို သိမှတ်နိုင်လောက်အောင် သဲသဲကွဲကွဲမမြင်ရဘဲနေလေ၏။

လှဝင်းမှာ စဉ်းစား၍မရအောင် ရှိနေလေ၏။ အဘယ်သောအခါမှ မိမိကိုဖမ်းဖို့ ကြံစည်နေကြပါသလဲဟူသောအတွေးနှင့် အခြားသောအတွေး အခေါ်စိတ်များသည် အလုပ်များကို မှန်ကန်စွာမလုပ်နိုင် အမှားမှားအယွင်းယွင်းဖြစ်အောင် ပြုကြလေ၏။

mgyoe.com

ယခုအခါ လှဝင်းမှာ ကံကိုပုံ၍ ချထားလေ၏။ အခြားမည်သည့်အကြံကိုမျှမကြံတော့ပေ။ မဟုတ်မမှန်ဘဲလျက် အကြီးဆုံးသောအပြစ်ဒဏ်ကိုခံရဖို့ကြုံချေက မိမိတို့၏ဘဝကံကြမ္မာသာ ဖြစ်ဖို့ရှိလေရာ မရှောင်သာမလွှဲသာ တရားသဖြင့်ခံရခြင်းဟူ၍သာ သဘောထားရန်ရှိပေတော့မည် ဟူသောစိတ်ကို ဒုန်းဒုန်းချ၍ ထားရှာပေတော့သတည်း။

ထိုနေ့၌ အိမ်ကိုပြန်လာသောအခါ နောက်ယောင်ခံ၍လိုက်သောလုံချားကိုမတွေ့ရပေ။ ငါ့ကို အမှန်သိပြီဖြစ်သောကြောင့် စိတ်ချလက်ချဖမ်းဖို့သာရှိတော့သည့်အနေနှင့် အခါကိုစောင့်ဆိုင်း၍နေကြခြင်း ဖြစ်လေသလားဟု တွေးမိလေ၏။

အိမ်သို့ရောက်သောအခါ သာလွန်ထိတ်လန့် အံ့သြဖွယ်ရာအခြေအနေတို့ကို တွေ့ရှိရပြန်လေ၏။

မိမိ၏အခန်းကို ဝင်လျှင်ဝင်ချင်း အဝတ်အစားများ ဖရိုဖရဲဖြစ်၍နေသည်ကို တွေ့ရှိရလေ၏။ ကောင်းမွန်သပ်ရပ်စွာ လိပ်၍ထားသော အိပ်ရာမှာပြန့်လျက် ခေါင်းအုံးများမှာ နံဘေးရှိသေတ္တာပေါ်၌သာ ရှိနေကြလေ၏။ သေတ္တာပေါ်၌ နံနက်က တင်၍ထားခဲ့သော H:W လှဝင်းဟူသော နာမည်စာလုံးများကို ထိုး၍ထားသော လက်ကိုင်ပဝါကလေးတစ်ခုမရှိတော့သည်ကိုလည်း တွေ့ရှိရလေ၏။

အခန်းမှာ မှောင်ကျသဖြင့် ဖယောင်းတိုင်ကိုထွန်း၍ ရှာဖွေရာ လက်ကိုင်ပဝါအဘယ်မှာမျှ မတွေ့ရပေ။ ထိုလက်ကိုင်ပဝါမှာ ပိုးလက်ကိုင်ပဝါဖြစ်လျက် လှပသားနားသောကြောင့် မစွန့်မပစ်ဘဲထားခြင်း ဖြစ်လေ၏။ ထိုပဝါကလေးကြောင့် မိမိမှာပေါ်ပေါက်နိုင်ဖို့ နည်းလမ်းမရှိဟု ပေါ့ပေါ့ဆဆအောက်မေ့ကာ မခင်တွယ်လောက်သော အရာကို ခင်တွယ်၍နေခဲ့လေ၏။ ခင်တွယ်ခြင်းမှာလည်း အခြားကြောင့်မဟုတ်။ လှမေ၏လက်နှင့်ထိုး၍ပေးသော ပိုးပဝါကလေးဖြစ်သောကြောင့် ဖြစ်လေသတည်း။

ဆိပုလင်း အလှဆေးပေါင်ဒါ ဘီးမှန်စသည့် မိန်းမအသုံးအဆောင်တို့မှာ မိမိထားခဲ့သည့်အတိုင်းမဟုတ်။ လက်ရာပျက်နေလေ၏။ လက်ကိုင်

mgyoe.com

mgyoe.com

ပဝါကို အဘယ်မှာမျှရှာ၍မတွေ့ရသောအခါ အချစ်ကြောင့်မပစ်ရက်သော လက်ကိုင်ပဝါသည် အသက်ကိုစီရင်မည့် သက်သေခံပစ္စည်းဖြစ်ပေတော့ သည်တကားဟု စိတ်ချယုံကြည်လိုက်တော့သတည်း။

မိန်းမ၊ ရည်းစား၊ သားမယားကို ခင်တွယ်ခြင်းကြောင့် ရာဇဝတ်မှုနှင့် ပြေးရှောင်ခဲ့သူများစွာတို့ ဥပဒေ၏လက်တွင်းသို့ ကျရောက်ခဲ့သည့် အကြောင်းများကို ပြန်လှန်တွေးတောမိလေရာ ငါ့မှာလည်း ဤခင်တွယ်နည်းမျိုးကြောင့် ဘေးတွေ့ရပေတော့မှာပေတကားဟု စဉ်းစားလေ၏။

သို့စဉ်းစားရာတွင် ကိုစိုးကို သတိရလေ၏။ ဧကန် ဒီလူ ငါ့အကြောင်းကိုသိပြီး သိသဖြင့် မသင်္ကာသောကြောင့် စုံထောက်ကိုလက်တို့လေပြီ။ သူသည် အိမ်ကိုလာခိုက်မှာ အနီးအပါး၌ စုံထောက်ကိုတွေ့မှာပဲ။ တွေ့လျှင် အသိမိတ်ဆွေဖြစ်ချေက စကားပြောမှာပဲ၊ ငါ့အကြောင်းကို ပြောရင် မသင်္ကာဖွယ်ရာအချက်တွေ ပါမှာပဲ၊ သည့်အတွက် စုံထောက်များ ငါ့အခန်းကိုဝင်၍ရှာဖွေတာပဲ၊ သူခိုးဖြစ်လျှင် တစ်စုံတစ်ရာပျောက်ဖို့ရှိ၏။ ယခုမှာကား အဖိုးမတန်သော လက်ကိုင်ပဝါကလေးတစ်ခုမှတစ်ပါး တစ်စုံတစ်ရာမျှမပျောက် ဧကန်ဒီ၌ စုံထောက်၏လက်ချက်ပဲဟူ၍ ခုတင်ပေါ်၌ထိုင်လျက် နဖူးကိုလက်ဖြင့်ထောက်ကာ မှိုင်တွေ၍နေလေ၏။

ထိုအခိုက် အိမ်ထဲကိုဝင်၍လာသောခြေသံကို ကြားရလေ၏။ ထိတ်လန့်တကြားထွက်၍ လာလေရာ အိမ်ရှင်အမယ်ကြီးမြေးအဘွားကို တွေ့ရသဖြင့် အကြောင်းကို ပြောပြလေ၏။ အမယ်ကြီးမြေးအဘွားနှစ်ယောက်မှာလည်း တစ်စုံတစ်ရာမျှမသိ မတွေးမခေါ်နိုင်အောင်ရှိနေကြလေ၏။

"အရီးအိမ်မှာ ရွှေငွေပစ္စည်း အဖိုးထိုက်အဖိုးတန်မထားကြောင်း တစ်ရပ်လုံးအသိသားပဲ သူခိုးဟုတ်မယ်မထင်ပါဘူး၊ တူမကြီးမှာ ဘယ်လို ရန်သူများ ရှိပါလိမ့်မလဲ၊ အရီးတို့မှာတော့ ရန်သူမရှိပါဘူး၊ တူမကြီးမှာ တစ်ခုခု မသင်္ကာလို့ တစ်ယောက်ယောက် လာပြီးရှာတာနဲ့ တူပါတယ်၊ သတိထား တူမကြီးရေ အရီးတို့မှာတော့ တူမကြီးကို အခုမှ သိကြရတာပဲ၊ ဘယ်သူနဲ့ ဘယ်လိုများ ဖြစ်ဖူးသလဲ၊ ယောကျ်ားသနာများရှိသလား၊

mgyoe.com


တူမကြီးကွဲလာသလား၊ အရီးကိုပြောစမ်းပါဦး၊ တူမကြီး ယောက်ျားနဲ့ကွဲလာသလား"

"ယောက်ျားမရှိပါဘူး အရီးရယ်၊ ကွဲလာတာ မဟုတ်ပါဘူး၊ ဘာပြုလို့ဘယ်လူများ ဘာထင်လို့ လာပြီး ဘာကိုရှာပါလိမ့်မတုန်း"ဟု အစဦးစားကျပ်သူအလား ပက်လက်ကုလားထိုင်၌ လှန်ကာထိုင်ငေး၍ နေလေ၏။

ထိုညဥ့်၌ လှဝင်းမှာ တစ်ညလုံးမအိပ်နိုင်၊ အနီးအပါးမှာ မိမိကိုစောင့်၍ကြည့်သူများ ရှိလေသလားဟု ဝဲယာရှေ့နောက် အိမ်အနီးအနားကိုသာ ဂရုစိုက်လျက်၊ တံခါးကိုမပိတ်ဘဲနေလေ၏။ သို့သော်လည်း ရိုးရိုးဖြတ်သန်း သွားလာကြသူများမှတစ်ပါး တစ်စုံတစ်ရာ ထူးထူးခြားခြားမမြင်ရပေ။ လင်းအားကြီးမှ တံခါးကိုပိတ်ပြီး ဖျင်ကုလားထိုင်ကလေးပေါ်၌အိပ်ပျော်၍သွားလေ၏။ အိပ်ရာမှနိုးသောအခါ အိမ်ရှင် မြေးအဘွားမရှိတော့သည်ကိုလည်းကောင်း၊ တံခါးမှာ စေ့၍ထားရစ်သည်ကိုလည်းကောင်း တွေ့ရှိရလေ၏။

အိပ်ပျက်သဖြင့် ဦးခေါင်းကိုက်သောကြောင့် ထိုနေ့အလုပ်မသွားတော့ဘူးဟု စိတ်ကိုချပြီးလျှင် ကျူးကျော်ဝင်ရောက်သူကို စောင့်၍ဖမ်းရန်အကြံပြုလေ၏။

ရေမိုးချိုးပြီးသောအခါ လက်ဖက်ရည်ဆိုင်ကုလားကလေးကို လှမ်း၍ခေါ်ပြီး လက်ဖက်ရည်နှင့်မုန့်များကို မှာ၍စားရင်း တွေးတောသည်ကား

ဝင်ခဲ့သောနေ့မှာ အိမ်ရှေ့တံခါးကို သော့ခတ်၍ထား၏။ ထိုသော့ခလောက်ကို ခတ်နိုင်သောသော့များမှာ မိမိနှင့်အမယ်ကြီးမြေးအဘွားမှာသာရှိ၏။ သော့တူနှင့်ခတ်၍ဝင်သလား၊ အဘယ်နေရာမှာဝင်သလဲဟူသောအတွေးများဖြစ်လေ၏။

သို့တွေးတောပြီး ပြတင်းပေါက်များကို သေချာစွာလိုက်၍ စစ်ဆေးကြည့်ရှု၏။ နောက်ဖေးပေါက်မှာ မြဲခိုင်သောမင်းတုန်းရှိ၏။ ထိုနောက်ဖေး၌ဂေါ်ရင်ဂျီကုလားများ ညည့်အခါ ပုံပြောရင်းချက်ပြုတ်စားသောက်ရင်းအိပ်ကြသော နေရာလပ်ရှိလေ၏။

mgyoe.com

နံဘေးတစ်ဖက်မှာ တိုက်ညှပ်၍နေရာ လူတစ်ယောက်ဝင်သာရုံ နေရာလွတ်ရှိ၏။ တစ်ဖက်မှာကား လူအများ ကူးသန်းသွားလာသော လမ်းကြားရှိလေ၏။ သို့သော်လည်း ပြတင်းပေါက်သံတိုင်များမှာ ကြောင်တစ်ကောင်ဝင်သာရုံမျှရှိလေရာ ထိုပြတင်းပေါက်များမှ လူတစ်စုံတစ်ယောက်ဝင်ရောက်နိုင်ဖို့ နည်းလမ်းမရှိသည်ကို စိတ်ချလက်ချ သိရလေ၏။ သို့ဖြစ်လေရာ အိမ်ရှေ့လမ်းရိုးရိုးမှ ဝင်ဖို့သာရှိလေ၏။ အိမ်နီးပါး ချင်းများမှာလည်း ကုလားများသာရှိသဖြင့်တစ်ကြောင်း လှဝင်းမှာ မိမိကိုယ်တိုင်ကပင် လွတ်လပ်စွာ လမ်းကိုထွက်၍ ဟိုအိမ်သည်အိမ်ကို ဝင်ထွက်ခြင်းမပြုဝံ့အောင်ဖြစ်နေသဖြင့် မည်သူမည်ဝါအိမ်ကို အဘယ်ပုံဝင်သည်ကို စုံစမ်းရန်ခက်ခဲနေလေ၏။

အတန်ငယ်ကြာလျှင် တစ်စုံတစ်ရာကို တွေးမိသဖြင့် အခန်းထဲကိုဝင်၍ ဖြီးလိမ်းဝတ်ဆင်ပြီးလျှင် အိမ်နောက်ဖေးတံခါးမင်းတုံးများကို ခြုံးဒိုင်းမြည်အောင်၊ ကိုင်တွယ်စမ်းသပ် တံခါးကိုဖွင့်ပိတ်၊ တွန်းဆွဲ၍ ကြည့်လေ၏။ ထို့နောက် အခါတိုင်းနည်းတူထွက်၍ သော့ခလောက်ကို သော့ခတ်ပြီး လန်ချားတစ်စင်းနှင့် ထွက်၍သွားလေသတည်း။

နောက်အတန်ငယ်ကြာလျှင် လှဝင်းသည် ပြန်၍လာပြီး တံခါးသော့ခလောက်ကို သေချာစွာကြည့်ရာ မိမိခတ်၍ထားခဲ့သည့်အတိုင်း ရှိနေသည်ကို တွေ့ရှိရလေ၏။

သို့ဖြစ်လေရာ အကယ်၍ ငါမရှိခိုက်မှာ တစ်စုံတစ်ယောက်ဝင်လျှင် ဤတံခါးက ဝင်တာမဟုတ် အခြားတနည်းနည်းနှင့် ဝင်တာပဲဖြစ်မှာပဲ။ အခြားဝင်နည်းတို့မှာလည်း အခက်သားပဲဟုတွေးရင်း သော့ခလောက်ကို သော့ခတ်၍ ဝင်လေ၏။ အတွင်းသို့ရောက်၍ မိမိအခန်းပြတင်းပေါက်တစ်ခုကို ဖွင့်လိုက်သောအခါ ခုတင်ပေါ်၌ တစ်စုံတစ်ရာကို မြင်သဖြင့် လှဝင်းမှာ အံ့အားသင့်လျက် မျက်တောင်မခတ်ဘဲ ကြည့်၍နေလေ၏။ ထို့နောက် ပြေး၍ကိုင်ယူလိုက်ရာ ကာကီရောင်ဦးထုပ်ဖြစ်၍နေလေ၏။ လှဝင်း၏ မိန်းမောခြင်းသည် ပြောစရာစကား ရှာ၍မရအောင် ကြီးမား၍

mgyoe.com

နေလေသတည်း။

လျင်မြန်စွာ တောင်မြောက်လေးပါးကို ကြည့်လေ၏။ နောက်ဖေး ပေါက်ကို ပြေး၍ကြည့်ရာ၊ မင်းတုံးမှာလည်း ခိုင်လုံစွာကျ၍နေသည်ကို တွေ့ရလေ၏။ လှဝင်းသည် သာ၍အံ့သြပြန်လေ၏။ အခန်းအနှံ့အပြား လိုက်၍ ရှာလေ၏။ တစ်စုံတစ်ရာကိုမျှ မတွေ့ရှိရပေ။ တံခါးများကို ပိတ်၍ ထားသောအခါ အခန်းမှာလုံပြီး မှောင်၍နေလေ၏။ တစ်ခုသောအခန်းထဲမှ ကြွက်သံလိုလို လူသံလိုလိုကြားရသဖြင့် သွား၍ကြည့်ရာ တစ်စုံတစ် ယောက် ရင်ဘတ်ကို ဆီး၍တွန်းသလိုဖြစ်လျက် နောက်ကိုဆုတ်ကာ စိုက်လျက်ကြည့်၍နေရလေ၏။ မြင်ရသောအရာမှာ ဝင်းတောက်သော မျက်လုံးကြီးနှစ်လုံးဖြစ်လေ၏။ လှဝင်းသည် ကြက်သေသေလျက် ကြောင် တောင်ငေး၍နေလေ၏။ ထိုအခိုက်တွင် မိမိ၏ခြေကြားကို တစ်ဟုန်တည်း တိုးဖြတ်၍ပြေးမှ ကြောင်နက်ကြီးတစ်ကောင်ဖြစ်မှန်း သိရလေ၏။

ထို့နောက် အခန်းကိုပြန်၍ဝင်ပြီး ဦးထုပ်ကိုသေချာစွာကြည့်လေရာ တစ်စုံတစ်ရာမျှ နာမည်အမှတ်အသားမရှိသည်ကို တွေ့ရလေ၏။ စုံထောက်သည် လျင်မြန်စွာလာပြီး တစ်စုံတစ်ရာကို စုံစမ်းရှာဖွေ၍ ထွက် အသွားမှာ ဦးထုပ်ကို မေ့၍ထားခဲ့ကြောင်း ကောင်းကောင်းကြီးသိသာ လေ၏။

အဘယ်မျှလောက်ကြာစွာ မိမိအား ဤကဲ့သို့ စွဲကပ်လာသည့် မကောင်းဆိုးဝါးပမာ ခြောက်လန့်၍နေမည်ကိုမသိရ။ အခြားကိုပြေးရလျှင် တော်လေမည်လားဟု တွေးတောလျက် ဦးထုပ်ကို အခန်းထောင့်တစ်ခုကို လွှင့်ပစ်ပြီး အိပ်ရာ၌ပက်လက်လှန်ကာ နဖူးလက်တင် ဆင်ခြင်စဉ်းစားရင်း အိပ်ပျက်သောမျက်လုံးများမှာ လေး၍လာပြီးလျှင် အိပ်ပျော်၍သွားလေ၏။ အိပ်၍ပင်ပျော်သော်လည်း မအိပ်ရသည်နှင့်များစွာ ခြားနားခြင်းမရှိပေ။ အကြောင်းမူကား ရန်ကုန်မြို့တစ်မြို့လုံးကို လန်ချားနှင့်ပတ်လျက်ကာ ကိုဦးထုပ်ကိုဆောင်းသူက အမြဲနောက်မှလန်ချားနှင့်လိုက်လျက်နေသည် ကိုသာ အိပ်မက်တွင်မြင်မက်၍ နေလေတော့သတည်း။ ထိုအိပ်မက်၌ မိမိ

mgyoe.com

အား ကာကီဦးထုပ်တို့သည် ကျိုးကန်းတွေဖြစ်လျက် မိမိကို ဝိုင်းရံကာ ရှေ့နောက်ဝဲယာမှလိုက်၍နေကြလေ၏။ မအိပ်ရသူနှင့်မခြား ဦးခေါင်းမှာ ကိုက်အုံလေးလံ၍သာ နေရလေသတည်း။

အိပ်ရာမှ နိုးသောအခါ ရုတ်တရက်မထဘဲ မိမိ၏အိပ်မက်ကို ဆက်လက်တွေးတော၍ နေလေ၏။ ငါ့ကို စုံထောက်တစ်ယောက်သာ သိ၏။ အလွန်ဆုံးသူ၏အဖော်တစ်ယောက်သာ သိမှာပဲ။ ဒင်းကို အပြီးတိုင်စီရင်ရလျှင် သဲလွန်စပြတ်မှာပဲ။ ငါ့ကို အဘယ်အခါမှာ အဘယ်ပုံသိရသဖြင့် အဘယ်နည်းနှင့် မသင်္ကာဖြစ်ပြီး ဒင်းငါ့ကို ပယောဂအမှောင့်ပမာ လိုက်၍နေပါသလဲ။ ဒင်း ယခုတိုင် ငါ့ကို သေချာစွာ စိတ်ချလက်ချ ပိုင်ပိုင်နိုင်နိုင် မသိသေးသောကြောင့် ယခုလိုစောင့်ဆိုင်း၍နေတာပဲ။ ငါက ဆိုင်းလျှင် မကြာမီ ငါသည် ဇက်ကန်သူ့လက်တွင်းသို့ကျတော့မည်။ သူ့လက်တွင်းသို့ ငါမကျမီ ငါ့လက်တွင်းသို့ သူကျအောင် မြန်မြန်လုပ်မှတော်မည်ဟု စိတ်ကို ပိုင်းဖြတ်လိုက်လေသတည်း။

[ ၅ ]

လှဝင်းသည် ကိုစိုးနှင့် မတွေ့ရတော့ပေ။ ကိုစိုးသည် ငါ့ကို မသင်္ကာသဖြင့် စုံထောက်နှင့် ပူးပေါင်းကာကြံ၍ နေလေသလားဟု လှဝင်း၏စိတ်၌ အတွေးပေါ်လေ၏။ အလုပ်ကိုသွားတိုင်း မှန်မှန်သွားလေ၏။ ကာကီဦးထုပ်သမားကို မတွေ့ရတော့ပေ။ မိမိကို အမြဲလန်ချားနှင့်လိုက်သူများလည်း မရှိတော့ပေ။ ထိုကဲ့သို့ဖြစ်ခြင်းမှာ အဘယ်သို့သောအကြောင်း ကြောင့်ဖြစ်သည်ကို တွေးကြံ၍မရဘဲနေလေ။

မိမိ၏အကြံကို ကာကီဦးထုပ်သမားသိ၍ သွားသောကြောင့် မလာဘဲနေခြင်းလား၊ ဦးထုပ်ကိုထား၍ ပစ်ခဲ့မိသောကြောင့် မလာဘဲနေခြင်းလား၊ မိမိကိုစုံထောက်သူသည် အခြားတရားခံ ဝရမ်းပြေးတစ်ယောက်ယောက် ကို

mgyoe.com

ရှာဖွေသူဖြစ်ရာ မိမိတွေ့လိုသူမဟုတ်ကြောင်းသိရသဖြင့် မိမိကို စွန့်လိုက်ခြင်း ဖြစ်လေသလားဟူ၍လည်း စဉ်းစားမိလေ၏။

ထိုအတိုင်းဖြစ်လျှင် အေးတာပဲ။ ထိုအတိုင်းမဖြစ်၍ ထပ်မံလာရောက်ကာ မိမိ၏အကြံအောင်မှပဲ အောင်လျှင်လည်း တစ်နည်းအားဖြင့် အေးမှာပဲဟုတွေးတောကာ နေ့စဉ်နေ့တိုင်း မိမိ၏လက်နက်ကိုကိုင်ကာ လက်၌ဆရင်း အရိပ်ကြည့်လျက်သာနေလေ၏။ ထိုလက်နက်မှာ ဇာဝီ တုတ်ချောင်းဖြစ်လေ၏။

တစ်ချက်နှင့် ဦးဆက်ပြုတ်မှာပဲ။ ဦးဆက်ပြုတ်၍သေလျှင် မိန်းမသားတစ်ယောက်ကို မတော်မတရားကြံရန်လာသူ၊ ခိုးဝှက်တိုက်ခိုက်ရန်လာသူဟု မှတ်ကာ တစ်ချက်လွှတ်လုပ်မိ၍ အသက်သေဆုံးသည်ဟု ပြောလျှင် အေးမှာပဲ၊ တစ်စုံတစ်ရာမျှ အပြစ်ဖြစ်ဖို့မရှိဟု ကြံမိလေ၏။ ထိုဇာဝီတုတ်ကို အခန်းထောင့်တစ်ခု၌ စက္ကူနှင့်ပတ်၍ ကြွက်လျှောက်တန်းပေါ်၌ တင်ပြထားလေ၏။

တစ်နေ့သ၌ နေ့တစ်ဝက်နှင့် အလုပ်ဆင်း၍လာလေရာ အိမ်တံခါးသော့ခလောက်မှာ သော့ခတ်လျက်တွေ့ရသဖြင့် အမယ်ကြီးမြေးအဘွားဈေးမှမပြန်ကြောင်း သိရလေ၏။ လှဝင်းသည် တံခါးကိုဖွင့်၍ ခပ်ဖြည်းဖြည်းနှင်းလျက် ဝင်လာလေ၏။ နောက်ဘေးဘက်ကို ကြည့်လိုက်သောအခါ တံခါးပွင့်၍နေသည်ကိုတွေ့ရသဖြင့် ရပ်လျက်စဉ်းစားနေလေ၏။

အဘယ်ကဝင်၍ ဤနောက်ဖေးတံခါးပွင့်ပါသနည်း။ အိမ်ရှေ့ကမဝင်ဘဲ နောက်ဖေးတံခါးမှဝင်နိုင်ဖို့ နည်းလမ်းမရှိပေ။ များစွာအတွေးကျပ်၍ နေလေ၏။

တံခါးကိုဖွင့်၍လာရာ၌ အတွင်းမှ တစ်စုံတစ်ယောက်ရှိချေက အသံကိုလွယ်ကူစွာမကြားနိုင်သောနေ့ဖြစ်လေ၏။ အကြောင်းမူကားတံခါးသော့ခလောက်ကြီးမှာ လွန်စွာကောင်းသဖြင့် လှုပ်ရှားချောင်ချိခြင်း၊ မြည်ခြင်း မရှိ၊ သော့ခတ်သည့်အခါ ချောခနဲပွင့်သော ငြိမ်သက်သောကြေးသော့ခလောက်ကြီးဖြစ်သည့်ပြင် အိမ်ရှေ့၌လည်း ဂေါ်ရင်ဂျီ ကျားကစ်၍နေသော

mgyoe.com

mgyoe.com

နေ့ဖြစ်လေ၏။ အခန်းမှာလည်း ပေခြောက်ဆယ်ခန့်ရှိရာအတွင်းကျကျနေသူဖြစ်ချေက တံခါးမှ အသံပင်ထွက်စေကာမူ ကြားဖို့ရန် ခဲယဉ်းလေ၏။

လှဝင်းသည် တွေးရင်း ထိတ်လန့်စပြုလေ၏။ မတော်တဆ မိမိက လက်ချက်မဦးဘဲ ရန်သူက ဦးလေမလားဟုတွေးမိလေ၏။ ထို့ပြင် နောက်ဘေးပေါက်မှ ထွက်၍သွားနှင့်ပြီဖြစ်ချေက မိမိ၏အကြံမှာ အထမြောက်မည်မဟုတ်ပေ။ တံခါးပွင့်၍နေပုံကိုထောက်လျှင် တစ်စုံတစ်ယောက် ထွက်၍သွားပြီးသည်ဟု ယူဆဖွယ်ရှိလေ၏။

ထိုအခိုက် မိမိ၏အခန်းမှ ခြေသံလိုလိုကြားရသဖြင့် ထိတ်ခနဲဖြစ်၍ သွားလေ၏။ သတိကိုပြန်၍ထားပြီး တဖြည်းဖြည်းနင်းလျက် မိမိ၏ အခန်းဝသို့ရောက်၍သွားရာ ထောင့်၌ပစ်၍ထားသော ကာကီဦးထုပ်ကို ဆောင်းလျက် မိမိကိုကျောခိုင်းကာ မိမိအိပ်ရာနဘေး နိမ့်သောစားပွဲကလေး တစ်ခု၌ တင်ပျဉ်လင်ခွေထိုင်လျက် တစ်စုံတစ်ရာကို လုပ်၍နေသောလူတစ်ယောက်ကို မြင်ရလေ၏။

လှဝင်းသည် ကြွက်လျှောက်ပေါ်၌ရှိသော ဓာတ်တုတ်ကိုယူပြီး ခြေဖျားထောက်လျက် နောက်နားမှကပ်၍ သွားလေ၏။ အပါးသို့ရောက်သောအခါ ဓာတ်တုတ်ကို လက်နှစ်ဖက်နှင့်ချတော့မည်ဟန်ဖြင့် မြှောက်လေ၏။ ထို့နောက် မချသေးဘဲ လက်ကိုပြန်၍ချလေ၏။ ထို့နောက် တစ်ဖန် တစ်စုံတစ်ရာက ပိတ်ပင်တားမြစ်သလို စိတ်၌ဖြစ်ကာ လက်ကိုချပြန်လေ၏။

ထို့နောက် တစ်ဖန် လက်နှစ်ဖက်နှင့် အသေတစ်ချက်တည်း နှက်တော့မည်ဟုအမြှောက်မှာ ထိုင်၍နေသူမှာ နတ်များနှိုးဆော်သလိုဖြစ်ပြီးလျှင် နောက်သို့လှည့်၍ ကြည့်လိုက်လေ၏။ သို့အကြည့်တွင် တစ်ချက်တည်း ချလိုက်ရာ ဆားစောင်းလဲလေ၏။ မျက်နှာ၌ မျက်မှန်အနက်မှာ ကွဲပေါက်၍ သွားပြီး ဦးထုပ်မှာလွင့်စဉ်လျက် သွေးကွက်တွင်ထွေး၍ ရှုပ်နေသော ဦးခေါင်းနှင့် ဆံပင်တို့ကိုမြင်ရလျှင် အဘယ်အခါကမျှ မမြင်မတွေ့ဖူးသော ရက်စက်ကြမ်းကြုတ် ကြောက်မက်ဖွယ်သောသဏ္ဌာန်ကို ထပ်၍ရိုက်ဖို့ရန်မဆိုထားဘိ ရဲရဲမျှမကြည့်ဝံ့တော့သည်ဖြစ်သောကြောင့် ထပ်၍အပြီးစီရင်ရန် ဟန်ပြင်ပြီးမှ

mgyoe.com

လက်ကိုပြန်၍ချပြီး မတ်တတ်ကြီး ကြက်သေသေလျက်နေလေတော့ သတည်း။

သေပလား . . . အသက်ရှိသေးသလား လုပ်မယ့်အလုပ်အပြီး လုပ်တာကောင်းမှာပဲ စသည်ဖြင့် လျှင်မြန်စွာထွက်ပေါ်သော အတွေးတို့သည် ဦးခေါင်း၌ မော်တော်စက်လည်သလို ဖြစ်၍နေလေ၏။ သို့နေရင်း သေချာစွာ ဆက်၍ကြည့်လိုက်သောအခါ ဆံပင်များသည် ညှပ်ထားသောဆံတိုမဟုတ် မိမိ၏ဆံပင်များကဲ့သို့ မြောက်မြားစုပုံ၍နေသည်ကို တွေ့ရသဖြင့်လည်းကောင်း၊ မျက်နှာမှာ မှေးမှိန်သောအလင်းရောင်အောက်၌ သိမ်မွေ့သော အသွင်ရှိသည်ကိုလည်းကောင်း မြင်ရသဖြင့် ရင်ထဲမှာဆို့၍သွားပြီး ဆောင်၍ထားသော တင်းမာသောနှလုံးမှာ ပျော့အိ၍သွားလေ၏။

ထိုအခါ ငြိမ်သက်၍နေသော မျက်နှာကို ကပ်ကာကြည့်ရင်း မျက်မှန်ကိုဖြုတ်လိုက်ရာ လှဝင်းမှာ ကြောင်တောင်တောင်ငေးလျက် ကြက်သေသေ၍နေလေ၏။ ပထဝီမြေ ကျွမ်းထိုးမှောက်၍သွားသည်ဟု စိတ်၌မှတ်ထင်လောက်အောင် မူးမိုက်၍သွားလေ၏။ ရင်ဝသို့အလုံးကြီးတစ်လုံးသည် ပြင်းထန်သောအဟုန်နှင့် တက်၍ဆောင့်လေ၏။ "အမယ်လေးလှရဲ့၊ ဖြစ်ရလေချင်း"ဟု အသည်းနှလုံးအတွင်းမှ မချိမဆံ့ထွက်သော အသံနှင့် တစ်ခွန်းသာ လွှတ်ခနဲပြောပြီး မိမိကိုယ်ကို သွေးများအထဲသို့ ပစ်ချကာ အခွေလျက်ကလေးနေသော လှမေ၏ငြိမ်သက်သောကိုယ်ကို ပွေ့သလို လက်မောင်းများနှင့်သိုင်းရစ်ကာ မိမိ၏ရင်ဘတ်နှင့်ထိ၍ ထား လေ၏။

"အမယ်လေးလှရဲ့ ကိုကိုမှားလို့ပါကွဲ့၊ စကားပြောပါဦး၊ မျက်လုံးဖွင့်ပါဦးကွဲ့၊ အမယ်လေး သေဝါပြီဗျာ၊ သေပါပြီ၊ ဒီတစ်ခါမှ ဒုက္ခဖြစ်တော့တာပဲ၊ လှရေ ... လှရေ ကိုကိုလေ၊ အမယ်လေး အသက်မရှိတော့ပါဘူး" ဟု ပြင်းထန်စွာ ငလျင်လှုပ်သလို တစ်ရင်လုံးလှုပ်သောအသံနှင့် အံကြိတ်ကာ သောကမီးတောက်လောင်၍ ညည်းရှာလေရာ ညည်းသံတွင် အသက်ပါသလိုဖြစ်လျက် အသံတိတ်၍သွားလေတော့သတည်း။

ထို့နောက် သတိရပြီး လှမေကို တတွတ်တွတ်ခေါ်ရာမှ မလှုပ်မရှား

mgyue.com

နေတော့သည်ကို တွေ့ရသောအခါ အခန်းထဲမှပြေးထွက်ပြီး

"အမယ်လေး လာကြပါဦး၊ သေပါပြီ . . . လာကြပါဦး"ဟု အော်လေ၏။ သွေးရဲရဲသံရဲရဲမြင်ရသော ကုလားများသည် ဆူညံလျက် ပြေးလာကြလေ၏။ မကြာမီ လှဝင်းမှာ အရူးလိုဖြစ်၍နေ၏။ လှမေကိုခေါ်ရင်း တရင်းအနားမှမခွာနိုင်ဘဲ သွေးရူးသွေးတန်း ဖြစ်၍နေလေ၏။

လှဝင်းကို ကုလားများသည် အဘယ်ကိုမှမသွားရအောင် ဝိုင်းရံ၍ထားကြလေ၏။ ထိုအခိုက် လှမေကိုဝိုင်း၍ ဂရုစိုက်ကြရာ ဘရေဇာကုတ်နှင့်ယောက်ျားကလေးမှာ မိန်းမကလေးဖြစ်ကြောင်း သိကြရသဖြင့် အံ့ဩ၍နေကြလေ၏။

လှဝင်းသည် မိမိကိုဝိုင်းရံ၍ထားသော ကုလားများကို တွန်းဖယ်ပြီး လှမေကို ပွေ့ချီပြန်လေ၏။ ထိုအတွင်း လှမေသည် မျက်လုံးများကို ဖွင့်၍ကြည့်လေ၏။ လှဝင်းမှာ တစ်ဖန်ဝမ်းသာလုံးဆို့ပြီး လှမေကို မိမိ၏တင်းရင်းသောရင်၌ ပွေ့ချီ၍ထားလေသတည်း။

လှမေမှာ ရုတ်တရက် မြောမေ့၍သွားခြင်းမျှဖြစ်သည်ကို သိရလေလျှင် တစ်စုံတစ်ရာမျှ မကြီးကျယ်ကြောင်း၊အချင်းချင်းကစား၍ မတော်တဆလက်လွန်သွားကြောင်းပြောကြရာ ကုလားများနှင့် အခြားလူများ အိမ်ပေါ်မှဆင်း၍သွားကြလေသတည်း။

နှစ်ယောက်သား ခုတင်ပေါ်၌ယှဉ်လျက် နှစ်ကိုယ်မှာ တစ်ကိုယ်တည်းဖြစ်၍နေကြလေ၏။

"လှ ဘာပြုလို့ ဒီလိုလုပ်တာလဲ၊ ပြောပြစမ်းပါ" ဟု လှဝင်းက မေးလေ၏။

"ကိုလှဝင်း ဘယ်အတွက် ထွက်သွားသလဲဆိုတာ သိချင်တာကတစ်ကြောင်း၊ ကျွန်မတောထဲမှာ မနေနိုင်တာကတစ်ကြောင်းသည့် အတွက် ရန်ကုန်ကို လာတာပဲ"

"နို့ . . . အခုလိုဝတ်တာက ဘာဖြစ်လို့လဲ"

"ကျွန်မ တည်းတာက အစ်ကိုဝမ်းကွဲ၊ သူက စီအိုင်ဒီစုံထောက် သူ့မှာ

mgyoe.com

အမှုတစ်ခုနဲ့ပတ်သက်ပြီး စုံထောက်ဖို့အထွက်မှာ ကျွန်မလည်း ကိုလှဝင်းကိုတွေ့လိုတွေ့ငြား အတူလိုက်တာမှာ မိန်းမလေးလိုဝတ်ရမှာ မတော်လို့ အခုလို ဝတ်တာပဲ၊ ကိုလှဝင်းကိုတွေ့ရင် ကျွန်မ သတ်မယ်လို့တောင် ကြံတာပဲ"

"ဘာဖြစ်လို့လဲ"

"ကျွန်မ တမင်ကြော့ဖို့ ချုံးပြီး ထွက်သွားသူတစ်ယောက်ကို ကျွန်မ မသတ်ချင်ဘဲ နေပါ့မလား"

"နို့ . . . အခု စိတ်ပြေပလား"

"မပြောတတ်သေးဘူး . . . ဟိုအလုပ်တိုက်မှာ ကိုလှဝင်းကို မြင်တော့ ကိုလှဝင်းပဲလား . . . တူလို့များလားဆိုတာ သေသေချာချာသိရအောင်လိုက်နေတာပဲ၊ တစ်နေ့က လက်ကိုင်ပဝါကိုရမှ ကိုလှဝင်းမှန်း သိတာပဲ၊ သိတော့ ကိုလှဝင်းဘာဖြစ်လို့ မိန်းမလိုဝတ်နေတာလဲ၊ အရေးကြီးတဲ့အကြောင်း တစ်ခုခုရှိလို့ပဲ၊ ငါ့ကိုလည်း ဒီအကြောင်းကြောင့် စွန့်သွားရတာ ထင်ပါရဲ့လို့တွေးပြီး အကြောင်းအရင်းကိုသိရအောင် ကျွန်မ ဆက်ပြီး စုံစမ်းနေတာပါ၊ မတော်တဆ ကိုလှဝင်းကို ကျွန်မ သိကြောင်းပြောရလျှင် လျှို့ဝှက်တာတစ်ခုခုပေါ်ပြီး ကိုလှဝင်းမှာ အခုလို ရုပ်ဖျောက်နေသလဲ မသိစေချင်လို့ ထင်ပါရဲ့၊ သိရင် ဒုက္ခဖြစ်မှာလားဆိုတာတွေကို တွေးပြီး ကျွန်မစဉ်းစားနေတာပဲ၊ လူကိုတွေ့နေမှဖြင့် ဒင်းတော့ ငါ့လက်က မလွတ်နိုင်တော့ဘူးဆိုတာ စိတ်ချပြီးသားမို့ ကျွန်မလည်း အခုလိုနေနိုင်တာပေါ့"

"လှ တွေးတာလည်း မှန်တာပဲ၊ ကိုကို့မှာ အမှုကြီးတစ်ခုရှိတယ်၊ ကိုကို ဝရမ်းပြေး . . ."

"ကျွန်မ မယုံဘူး၊ ကိုကို ဘယ်နည်းနဲ့မှ လူဆိုးမဟုတ်ဘူး"

"လှ ဒီလို ယုံကြည်ရင် တစ်ကမ္ဘာလုံးက လူသတ်မှုနဲ့စွဲသော်လည်း အရေးမကြီးပါဘူး"ဟုပြောကာ လှမေကို ပွေ့ယူ၍ ကျေနပ်စွာ တစ်မျက်နှာလုံးကို ကိုက်ငုံ၍ မျိုလုခမန်းပြုလိုက်လေ၏။ လှမေသည် ကျေနပ်စွာ မှိန်း၍ နေလေသတည်း။

mgyoe.com

mgyoe.com

"ကိုကို ဘာအမှုနဲ့ မတရားအစွပ်အစွဲခံရသလဲ"

"မောင်ဝေဆိုတာ ကိုကိုပဲ"

"ဟင် . . . မိထွေးကိုသတ်ပြီး ထွက်ပြေးတယ်ဆိုတာလား၊ ကိုကို မဟုတ်နိုင်ပါဘူး"

"မှန်တယ် . . . အခုတော့ ဟုတ်သလိုဖြစ်နေတာပဲ"

ထိုအခိုက်တွင် ခြေသံတစ်ခုခုကို ကြားရလေ၏။ နှစ်ယောက်သား ထိုင်ရာမှ ထကြလေ၏။

လုံမေမှာ များစွာကြောက်ရွံ့သောအသွင် ရှိလေ၏။

"ဒါ ကျွန်မတည်းတဲ့အိမ်က ကျွန်မ အစ်ကိုကြီးပါ အစ်ကိုဝမ်းကွဲ"

စကားမှုမဆုံးသေးမီ ခန့်ညားသော ယောကျ်ားတစ်ယောက်သည် ပုလိပ်အရာရှိတစ်ယောက်နှင့် တံခါးဝမှာရပ်လာပြီး နှစ်ယောက်စလုံးကို မသာယာသောမျက်နှာနှင့် ကြည့်၍နေကြလေသတည်း။

[ ၆ ]

စုံထောက်အရာရှိ ကိုဘအေးသည် နှစ်ယောက်စလုံးကို ကြင်နာ သော မျက်နှာနှင့်ကြည့်၍နေလေ၏။ ထို့နောက်

"လှမေ ... ငါ နင်တို့ဖြစ်တာကြားလို့ လာခဲ့တာပဲ၊ ငါနင့်ကို ကျေးဇူးတင်ရမှာပဲ၊ ဒီလူရန်ကုန်မှာရှိနေတာဟာ ငါ့တာဝန်ကျနေတယ်၊ အခု ငါ့နှမများကျေးဇူးကြောင့် အစ်ကိုတာဝန်ကြီးကျသွားပြီ" ဟုပြောပြီး လှဝင်းကို ကြည့်ကာ . . .

"ကိုင်း . . . မင်းမှာ တခြားအဝတ်မရှိတော့ဘူးလား . . . မရှိလည်း အရေးမကြီးပါဘူးလေ၊ အဝတ်ကိုဖမ်းတာမှ မဟုတ်ဘဲ၊ လူကို ဖမ်းတာပဲဟု ပြောလေ၏။ ပုလိပ်အရာရှိက လက်ထိတ်ကိုထုတ်ပြီး လှဝင်းအား လက်ကို ပေးဖို့ ဣန္ဒြေနှင့်ပြောလေ၏။ လှဝင်းလည်း လက်ကိုငြိမ်သက်စွာ ထိုး၍

mgyoe.com

ပေးလေ၏။ ထိုပေးခိုက်တွင် လှမေ၏မျက်နှာကို မေးမြန်းသော မျက်လုံးများနှင့် ကြည့်လေ၏။ လှမေ၏မျက်လုံးများမှ မျက်ရည်ပေါက်ကြီးများ ကျလာ၍ နှုတ်ခမ်းများကိုစေ့ကာ အံကြိတ်လျက် တစ်ချက်နှစ်ချက် ရှိုက်ငိုပြီးလျှင် လှဝင်း၏လည်ကိုဖက်ကာ ပခုံးထက်၌ မျက်ရည်များကို လောင်းချလေတော့သတည်း။

"ကျွန်မအပြစ်ပါပဲ ကိုလှဝင်းရဲ့၊ ကျွန်မလာလို့ ကိုလှဝင်း အဖမ်းခံရတာပါပဲ"ဟု ငိုလျက်ပြောလေ၏။ လှဝင်းက

"ကိစ္စမရှိပါဘူး ... လှ၊ တမင်ပြောတာမှ မဟုတ်ဘဲ၊ ကိုကို့မှာလည်း အပြစ်မရှိပါဘူး"

စုံထောက်က ...

"လှမေပြောတာ မဟုတ်ပါဘူး၊ လှမေနဲ့ပတ်သက်လို့ မင်းကို တွေ့ရတာပဲ၊ တွေ့ပြီးတဲ့နောက် စုံထောက်တို့ရဲ့နည်းလမ်းနဲ့ သိရတာပေါ့လေ၊ မင်းမှာ အပြစ်မရှိရင် နောင် ထုချေဖို့ရှိတာပဲ၊ အခုတော့ မင်း လိုက်ဦးမှာပဲ၊ ငါ့နှမကိုလည်း သနားပါတယ်၊ သို့သော်လည်း အစ်ကို့မှာ ဝတ္တရားကို ကိုင်း ... သွားကြစို့"ဟုပြောပြီး အိမ်မှထွက်လေ၏။

လှမေလည်း မိမိကြောင့်ဖြစ်ရလေခြင်းဟု ယူကြုံးမရဖြစ်ကာ မျက်ရည်များနှင့် လိုက်ပါ၍ သွားရရှာလေသတည်း။

အမှုမှာ အာမခံမရပေ။ ကိုစိုးသည် သတင်းကိုကြားလျှင်ကြားချင်း အချုပ်ထောင်သို့ ရောက်လာပြီး ဝမ်းနည်းစွာနှင့် မိမိ ဤကိစ္စ၌ မပါဝင်ကြောင်း ပြောလေ၏။ စုံထောက်အရာရှိကလည်း ကိုစိုးနှင့် တစ်စုံတစ်ရာ မသက်ဆိုင်ကြောင်း ပြောလေ၏။ လှဝင်း တွေးသောနည်းမျိုးအတိုင်း ပါရှိလေရာ တစ်မြို့လုံး အံ့ဩ၍နေကြလေသတည်း။

လှဝင်း ကြည့်ရှုထားသော သူဌေးမင်းသည် အာမခံရဖို့ရန် များစွာ ကြိုးစားလေ၏။ အလုပ်သမား အားလုံးတို့ကလည်း အံ့ဩကြပြီး ဝမ်းနည်းခြင်းဖြစ်ကြလေ၏။ သို့သော်လည်း အမှုမှာ ပုလိပ်၏ဘက်၌ လွန်စွာခိုင်လုံနေသဖြင့် အဘယ်နည်းနှင့်မျှ အာမခံမရနိုင်ဘဲ နေလေတော့သတည်း။

mgyoe.com

mgyoe.com

လှမေသည် လှဝင်းအတွက် ရှိသမျှပစ္စည်း အကုန်ခံမည်ဟုပြော လျက် နည်းလမ်းရှိသမျှကြံလေ၏။ သို့သော်လည်း လှဝင်းမှာ ဥပဒေ၏ သံညှပ်၌ ခါးလယ်မှာ မိ၍နေလေရာ လွတ်ကင်းချမ်းသာဖို့ နည်းလမ်းမှာ လုံးလုံးကြီး မရှိတော့သည်ကို သိရလေ၏။ သို့သော်လည်း လှမေသည် စိတ်ကိုမလျှော့ အကောင်းဆုံးသော ဝတ်လုံကိုငှားရန် စီမံ၍နေလေ၏။

နေ့စဉ်နေ့တိုင်း အကျဉ်းထောင်သို့ ရောက်ရှိလေ၏။ လှဝင်းမှာ အဘယ်မျှပင် စိတ်ကိုတင်းသော်လည်း ညှိုးချုံးသောမျက်နှာသည် စိတ်၌ ဖြစ်ပျက်သမျှကို ဖုံးကွယ်၍မရပေ။

အင်းစိန်မြို့ အောက်ရုံးမှ စက်ရှင်သို့ လွှဲလိုက်သောအခါ လှဝင်းမှာ ကျွန်းနှင့်ကြိုး စီရင်ချက်သည် ချပြီးသကဲ့သို့ဖြစ်၍ နေလေတော့သတည်း။

*

စက်ရှင်ရုံး၌ ပရိသတ်တွေ ပြည့်နှက်နေလျက် ရှိနေလေ၏။ ဂျူရီများ သည် စဉ်းစားခန်းမှထွက်ခဲ့ကြရာ အဘယ်ကဲ့သို့သော ဆုံးဖြတ်ချက်ပေးမည် ကို ပရိသတ်များ စိတ်အားထက်သန်စွာ စောင့်မျှော်၍ နေကြလေ၏။ ရုံးတစ်ရုံးလုံးမှာ လူတွေများသော်လည်း ဆိတ်ငြိမ်လျက်ရှိနေလေ၏။

ခေါင်းဆောင်ဖြစ်သော ဂျူရီလူကြီးသည် လေးလံခန့်ညားသော ဝန် အားကြီးသော အမှုအရာနှင့်တစ်ခါ၊ တရားခံ၌ အပြစ်ရှိကြောင်းကို ပြော သောအခါ တစ်ရုံးလုံးမှာ လှုပ်ရှားလျက် ပျားအုံကိုဆွသလို ဖြစ်၍သွား လေ၏။ ထို့နောက် အခြားဂျူရီလူကြီးများလည်း ထိုဆုံးဖြတ်ချက်ကိုပင် ပေးကြလေ၏။

လှဝင်း၏မျက်နှာမှာ သွေးဆုတ်၍သွားပြီး လူစုလူဝေးထဲကို ကြည့် လေ၏။ လှမေကို မမြင်ရပေ။ သက်မကြီးချကာ ဝက်ခြံလက်ရန်းကို ကိုင်လျက် ဦးခေါင်းကိုငုံ့ပြီး မူးမိုက်ကာလဲမကျအောင် မနည်းကြီး သတိ ထား၍ နေရရှာလေသတည်း။

mgyoe.com

mgyoe.com


ပရိသတ်များစွာတို့မှာ သနားကမားယောက်ျားပျိုကလေးကိုကြည့်ကာ အချို့က စုတ်သပ်ကြ၏။ အချို့မှာ မျက်ရည်ကျကြ၏။ ကြင်နာသောစိတ်မပေါ်ပေါက်သူဟု တစ်ယောက်မျှမရှိပေ။ လှမေမှာ ကတ္တီပါ စောင်ကလေးကို ဦးခေါင်း၌ ပတ်ရစ်ကာ မျက်ရည်များကို တားတီးချုပ်တည်း၍မရသဖြင့် ငါ့ကြောင့်ပဲ ငါ့ကြောင့်ပဲဟု အံကြိတ်ကာ နှုတ်ခမ်းကို သွေးထွက်လုခမန်းကိုက်လျက် လူစုထဲမှထွက်၍သွားပြီး သစ်ပင်တစ်ပင်၏အရင်းမှာ ကျိတ်ကာငိုလျက်သာ နေရရှာလေရာ အစ်ကိုကြီးဖြစ်သော စုံထောက်အရာရှိမှာ မိမိကိုယ်တိုင်ဝမ်းနည်းလျက် အားပေးရလေသတည်း။

ထို့နောက် အားယူကာ. . .

"ကဲစိမ်ရာပေါ့ အစ်ကိုကြီးရယ်၊ ကိုလှဝင်းမှာတော့ အပြစ်မရှိ ကြောင်းကျွန်မတစ်ယောက်သာသိတာပဲ၊ ကျွန်မ ကိုလှဝင်းကို ကျားသံချိုင့်ထဲလာပို့တာလို ဖြစ်နေတာပဲ၊ အစ်ကိုကြီးလည်း တာဝန်မို့ ကျွန်မ ဘာမှမပြောပါဘူး၊ ကိုင်း . . . စီရင်ချက်တော့ ချပြီးလောက်ပါပြီ၊ လူတွေ ထွက်လာကြပြီ၊ ကြိုးလား . . .၊ တစ်ကျွန်းလား . . ."ဟုပြောပြီး နှစ်ယောက်ပြေး၍သွားကြရာ လူများသည် ဥက္ကောင္ဍေယျဖြစ်လျက် နေသည်ကို မြင်ရလေ၏။ ဆူညံသောအသံများကို ကြားရလေ၏။ လူစုများထဲမှ လူတစ်ယောက်ပြေးထွက်၍လာလေရာ လှမေမှာ အံ့သြ မိန်းမောလျက် သွေးချောက်ချားသည်ဟု ထင်မှတ်၍နေလေ၏။ အကြောင်းမူကား ပြေးလာသူမှာ လှဝင်းကိုယ်တိုင်ဖြစ်လေရာ လွတ်အပ်သော မြှားကဲ့သို့ လှမေ၏ရင်ထဲသို့ တစ်ဟုန်ထိုးရောက်လျက် နှစ်ယောက်သား ခွာမရအောင် တစ်ယောက်ကို တစ်ယောက် ဖက်၍ထားကြလျက် မျက်ရည် များကို ချုပ်တည်း၍မရရှိဘဲ နေကြသည်ကို မြင်သမျှသော သူတို့ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ဖြစ်ရလေသတည်း။

ဖြစ်ပုံမှာ ထိုအမှု မှားယွင်းကြောင်း အောင်ကြီးခေါ်သူ တရားခံအစစ်ကိုမိကြောင်း၊ ပုလိပ်ထံမှ တရားသူကြီးထံသို့ စီရင်ချက်ချခါနီးတွင် သတင်းရောက်၍လာလေသတည်း။

mgyoe.com

လှမေသည် လှဝင်း၏အိမ်သို့ လိုက်ပါ၍သွားလေ၏။ လှဝင်းက "ကိုင်း . . . အခု ကိုကို့မှာ ရှင်းလင်းပြီ၊ လူ့ပြည်မှာ ပထမအချစ်ကို တွေ့ရတဲ့နေရာအရပ်လောက် သာယာတာမရှိဘူး၊ ဒီရန်ကုန်မြို့ကြီးဟာ ပူလောင်ပွေရှုပ်ပြီး ငါတို့၏အချစ်ထဲမှာ အနှောင့်အယှက်တွေကို အများကြီး ဖြစ်ပေါ်အောင်လုပ်မယ့် မြို့ကြီးဖြစ်ကြောင်း အခုလောလောဆယ်ပြတဲ့ နိမိတ်ပဲလှရဲ့၊ သည်အတွက် မနက်ဖြန်ခါ ငါတို့တောရွာကလေးကိုပဲ ပြန်ကြပြီး လှပြောသလို ထင်ရာတွေလုပ်ကြရရင် မကောင်းဘူးလားဟု ပြောလေ၏။ လှမေက စိတ်အားထက်သန်စွာ သဘောတူလေ၏။ နောက် တစ်နေ့ည ရန်ကုန် မီးရထားရုံကြီးမှ စာပို့ရထားထွက်သောအခါ များစွာသော အသိမိတ်ဆွေတို့သည် လက်ပြ၍ကျန်ရစ်ကြလေ၏။

[၇]

နောက်တစ်နေ့ ညနေအချိန် တောရွာကလေး၏ထိပ် တံခါးအတွင်းသို့ လှည်းယဉ်ကလေးတစ်စင်းသည် သာယာသောခြူသံတို့ကို အာကာသကောင်းကင်ယံသို့လွှတ်ကာ လှမ်းလမ်းမှဖုန်တို့သည်လည်း မြေခိုးမြေငွေ့ပျံသည့်အလား တက်ကြွလျက် ဝင်ရောက်၍သွားသည်ကို မြင်နိုင်လေ၏။

ရွာသူရွာသားများသည် ထူးခြားသောလှည်းကလေးကို မြင်ကြသောအခါ ပြေးထွက်၍လာကြလေ၏။ အဘယ်သို့သောအကြောင်းဟူ၍ မသိကြပေ။ လှည်းသည် လှဝင်း၏ တည်းခိုနေထိုင်ဖူးသော အိမ်ကလေးရှေ့သို့ ရောက်၍သွားလေ၏။ အိမ်သားများသည် ၎င်းကိုမြင်သောအခါ အားရဝမ်းသာ ပြေးထွက်၍လာကြလေ၏။ အကြောင်းမူကား လှဝင်းမှာ ရန်ကုန်မြို့၌ လူသတ်မှုနှင့် အဖမ်းခံရကြောင်း ကြိုးကျပြီဟူ၍လည်းကောင်း၊ တစ်ကျွန်းအပြစ်ဒဏ်ရ၍သွားသည်ဟူ၍လည်းကောင်း သတင်းအမျိုးမျိုးကိုကြားကြရလေရာ ထိုကဲ့သို့ ချမ်းချမ်းသာသာ ပြန်၍ရောက်လာသည်ကို

mgyoe.com

mgyoe.com


မြင်ကြရသောအခါ အတိုင်းမသိအံ့ဩခြင်း ဖြစ်လေ၏။

လှမေ၏မိတ်ဆွေများနှင့် အရိုးအဒေါ်တို့လည်းရောက်၍ လာကြပြီးလျှင် တူမကို အပြစ်တင်ဆိုလျက် အချစ်မပျက်သောအမူအရာနှင့် ဝိုင်းရံ၍ အိမ်သို့ခေါ်သွားကြလေရာ လိုက်ပါ၍သွားလေ၏။

အိမ်သို့ရောက်သောအခါ

"ကိုလှဝင်းကော"မေးကာ လူစုထဲတွင် ကြည့်လေလျှင် လှဝင်းကို မမြင်ရသဖြင့် . . .

"ကိုလှဝင်း ဘယ်မလဲ ကိုလှဝင်းကို ရှာကြပါဦး၊ ကျွန်မယောက်ျားကို ဘယ်သူများ ဖျောက်ထားကြသလဲ၊ ပြန်ပေးလုပ်ကြတော့မလို့လား" ဟု မေးလေ၏။ အရိုးနှင့် ဦးကြီးကလည်း . . .

"ဟဲ့ ... ရှာကြည့်ပါဦးဟဲ့၊ ဟိုသူငယ် လှည်းပေါ်ကအဆင်းမှာ မြင်မိသားပဲ၊ အခု ဘယ်ကိုရောက်သလဲ၊ ပြန်ပြေးသလား ..."စသည်ဖြင့် ပျာပျာသလဲ ထိတ်လန့်ခြင်းဖြစ်ကြလေ၏။

သို့သော်လည်း မည်သူမျှမပြောနိုင် ကိုလှဝင်း . . . ကိုလှဝင်းဟု လှမေသည် ထက်ချွန်သောအသံနှင့် အော်၍ခေါ်လေ၏။ ခေါ်သော်လည်း ပြန်၍ထူးသံကို မကြားရပေ။ ထိုအခါ လှမေမှာ အတော်ထိတ်လန့်၍ သွားလေ၏။

"ကိုလှဝင်းမှာ ရန်သူတွေ ရှိတယ်၊ ဘယ်သူများ ရွာကိုလာသလဲ၊ မမြင်ကြဘူးလား ရှာပါဦး၊ ဘယ့်နှယ်လတ်တလော ပျောက်သွားရသလဲ မြေကြီးက ခွဲမျိုလိုက်တာလို ပျောက်သွားရလေခြင်း" စသည်ဖြင့် လှမေသည် တောက်တီးပြောဆိုလေ၏။

သို့သော်လည်း ရွာထဲသို့ မည်သူတစ်စုံတစ်ယောက်မျှမလာမရောက်ကြောင်း၊ လှည်းအနီးကိုလည်း မည်သူမျှ ကပ်မလာကြောင်း၊ ဤရွာမှာ လူဦးရေ လွန်စွာမများသဖြင့် လူစိမ်းတစ်ယောက်ယောက် ပေါ်ပေါက်၍ လာချေက မည်သူမဆို သိနိုင်ဖို့ရှိလေ၏။

ဦးကြီးက . . .

mgyoe.com

mgyoe.com


"ဟဲ့ . . . ရှုးလိုက်ပါဘိတော့ လဟယ် . . . နင့်မောင်ကို ဘယ်သူက မော်တော်ကားနဲ့ လာပြီးတင်မှာတဲ့လဲ၊ ကလေး ဖြစ်ရင်လည်း နတ်ဝှက်တယ် ပြောရရဲ့၊ ရှိမှာပေါ့လဟဲ့၊ လာမှာပေါ့၊ အိမ်သာဘက်များ သွားကြည့်ကြပါဦး၊ လမ်းမှာမိုးချုပ်လာလို့လား"ဟု ပြောလေ၏။

လှမေမှာမူ ရန်ကုန်၌ဖြစ်ပျက်၍ လာခဲ့ခြင်းများကြောင့် ထိတ်လန့်၍နေလေရာ ဤမျှလောက်ချစ်သော အချစ်သည် တည်ပါ့မလား၊ မြဲပါ့မလား၊ ငယ်ချစ်အစစ်အမှန်ဆိုတာ၊ အင်မတန်မှ တွေ့ရခဲ့တာပဲ၊ ရန်ကုန်မှာမတွဲခဲ့ရလို့ နတ်များက တစ်နည်းနည်းနဲ့ကြံပြီး ခွဲတာများဖြစ်လေမလား၊ ဤမျှလောက် ချစ်သော အချစ်ကို မိမိ ပိုင်ပိုင်နိုင်နိုင်ရမည်ဟု တွေးတော၍မရ၊ ယုံမှမယုံနိုင် တစ်နည်းနည်းနှင့် အဖျက်ပေါ်မှာပဲ၊ တစ်နည်းနှင့်ကွဲမှာပဲထင်ပါရဲ့ စသည်ဖြင့် တွေးခေါ်လျက် အမြဲပူပန်၍နေသူဖြစ်လေရာ ဤကဲ့သို့ လတ်တလောပျောက်၍သွားသည်ကို တွေ့ရသောအခါ အကြီးအကျယ်ထိတ်လန့်၍ သွားလေ၏။

"ပြောကြပါရှင် ကျွန်မယောကျ်ားကို ကစားထားကြရင်လည်း ကစားတယ်ပြောပါ၊ ရှင်တို့ ခဲဖိုးမရကြလို့လား၊ လက်ဖက်ရည်မသောက်ရလို့လား၊ သောက်ရပါစေ့မယ်"ဟု တောင်းပန်လေ၏။

သို့တောင်းပန်ရာ အမယ်ကြီးတစ်ယောက်က ပြုံးလေ၏။ သို့သော်လည်း မပြောဘဲနေသဖြင့် လှမေမှာ အားတက်ကာ . . .

"ပြောကြပါ၊ ကျွန်မယောကျ်ားကို ကျွန်မ ရန်ကုန်မှာ မနည်းအသက်စွန့်ရှာရတာပါ၊ သူတည်းတဲ့အိမ်က အမယ်ကြီးကို ကျွန်မ သိမ်ကြီးဈေးမှာစုံထောက်ရှာဖွေ တိတ်တဆိတ်ငွေကို ကျိတ်ပေးပြီး အိမ်တံခါးသော့ကိုရလို့ တိတ်တိတ်ဝင်ပြီး သူခိုးလိုချောင်းရတယ်ရှင့်၊ ဒီတော့မှ သူ့ကို သေသေချာချာတွေ့ရတာ၊ ကျွန်မ အသက်တဖျား စုံထောက်ရတဲ့ယောကျ်ား ကစားမထားကြပါနဲ့၊ ရှင်တို့လိုချင်တာ ပေးပါ့မယ်၊ ပြောကြပါ"ဟု ရယ်မောတောင်းပန်လေ၏။

နောက် မိန်းမကြီးတစ်ယောက်က . . .

mgyoe.com

mgyoe.com


"တူမ ခဲဖိုးပေးမလား . . ."ဟု မေးလေ၏။

"အမယ်လေး ပေးပါ့မယ် အဒေါ်ရဲ့၊ ဘယ်လောက်လိုချင်သလဲ၊ ကျွန်မယောကျ်ား အခုညသာ ကျွန်မလက်အရောက် ပြန်ပေးပါ"

"အခု ညတွင်းချင်းတော့ ပြန်မပေးနိုင်ဘူး၊ သမကာ မနက်ဖြန် နံနက်လောက်မှ ပြန်ပေးနိုင်မှာ"

"အမယ် မလုပ်ပါနဲ့ အဒေါ်၊ ကျွန်မယောကျ်ား တစ်ယောက်တည်း ဘယ်သူစောင်ခြုံပေးမလဲ၊ ဘယ်သူအိပ်ရာခင်းပေးမလဲ၊ မတော်တဆ ညကျလို့ထရင် ဘယ်သူအဖော်လုပ်မလဲ၊ အဒေါ်လား"ဟု ပျက်ကယ်ပြော လေ၏။

"လာ လာ "ဟုပြောကာ မိန်းမကြီးကခေါ်ရာ လှမေလိုက်၍သွား လေ၏။ ရွာပြင်ဘက်သို့ရောက်၍ သွားကြလေ၏။ မိန်းမကြီးက ကောက် ရိုးပုံတစ်ခုသို့ခေါ်သဖြင့် လိုက်၍သွားကြလေ၏။ မိန်းမကြီးသည် တောင် မြောက်လေးပါးကို ကြည့်လေ၏။ လှဝင်းကို မမြင်ရသောအခါ တောထဲ ဝင်နေတယ် ထင်ပါရဲ့။

"ဟော့ . . . မောင်ရင် . . . မောင်ဘယ်သူ"

"ကိုလှဝင်းပါ အဒေါ်"

"မောင်လှဝင်းရေ . . ."

"ကိုလှဝင်း . . . ရှင်ဘယ်မှာလဲ"ဟု ခေါ်လေ၏။ သို့သော်လည်း အသံကိုမကြားရပေ။ မိန်းမကြီးက စဉ်းစားသောအမူအရာနှင့် တွေး၍ နေလေ၏။

"အင်း ... ဟင်၊ အဒေါ်တို့ ကစားတာပါ၊ သည်အနားမှာ ခဏနေ ပါလို့ ပြောထားတာပဲ၊ အခု ဘယ်ရောက်သွားပါလိမ့်မလဲ"ဟု မိမိဘာသာ တီးတိုးစကားပြောရင်း စဉ်းစားကာတွေဝေ၍ နေလေ၏။

ထိုအခိုက်တွင် ကောက်ရိုးများထဲမှ အသံကိုကြားရသဖြင့် ကြည့် လိုက်ရာ ကောက်ရိုးတွေအထဲမှ ထွက်၍လာသော ဦးခေါင်းကိုတွေ့ရလျှင်

"အမယ်မင်း လှဝင်းရယ်၊ အဒေါ်တို့မှာ စိုးရိမ်လိုက်တာ၊ ဘာများ

mgyoe.com

mgyoe.com

ဖြစ်သလဲ"ဟု ပြောခိုက်တွင် လှဝင်းက လက်ကာလျက် . . .

"တိုးတိုး . . . တိုးတိုး . . ၊ ဟိုအရှေ့ဘက်ကိုကြည့်၊ ဘိုင်စကယ်သမားနှစ်ယောက် မြင်ရဲ့လား၊ ဟိုက ဆီးပင်အောက်မှာ"ဟု ပြောလေရာ အားလုံးလှည့်၍ ကြည့်ကြလေ၏။

ပုလိပ်နှစ်ယောက်သည် ၎င်းတို့ကိုမြင်လျှင် မြင်ချင်း ဘိုင်စကယ်များပေါ်သို့ တက်၍ လှည်းလမ်းတစ်လျှောက် အမြန်နင်း၍လာကြသည်ကို မြင်ကြရလေ၏။

"ဘာဖြစ်မလဲ မောင်လှဝင်းရဲ့၊ အေးရဲ့ . . . ပုလိပ်ပဲ"

"ကျွန်တော်လည်း မသိဘူး၊ ကျွန်တော့်ကို မှားလွှတ်ကြလို့ ရန်ကုန်ကများ လိုက်လာကြသလား"

"မတော်တာဘဲ မောင်လှဝင်းရဲ့၊ မဖြစ်နိုင်တာ၊ မောင်လှဝင်း အမှုကြောင့် သွေးများချောက်ချားလာသလား"ဟု ပြောခိုက်တွင် ဘိုင်စကယ်သမားများ ရောက်၍လာကြပြီး

"ရန်ကုန်ကရောက်လာတဲ့ ကိုလှဝင်းဆိုတာ သည်မှာရှိသလား"ဟု တစ်ယောက်က မေးလေ၏။ တစ်ယောက်က ...

"ရှိတယ် ... ရှိတယ်၊ ဟိုလူမဟုတ်လား၊ ကိုင်း ခင်ဗျား လာလိုက်ခဲ့"ဟုပြောလေရာ အားလုံးထိတ်လန့်၍ သွားကြလေ၏။ လှဝင်းမှာ ကြက်သေသေ၍နေလေ၏။ လှမေသည် လှဝင်း၏အပါးကိုကပ်ကာ လက်တစ်ဖက်နှင့် လှဝင်း၏ခါးကို တွယ်ဖက်၍ထားလေ၏။ အတန်ကြာမှ လှဝင်းက စိတ်ကိုတင်းလျက် ...

"ဘာကိစ္စနဲ့ ကျွန်တော် လိုက်ရမှာလဲခင်ဗျာ"ဟု မေးလေ၏။

"ရန်ကုန်ပုလိပ်က သံကြိုးရိုက်လိုက်တယ်၊ သည်အတွက် ဗိုလ်ကြီးက ခင်ဗျားတို့ကို အမြန်အမီလိုက်ရမယ်လို့ လွှတ်လိုက်လို့ လိုက်လာကြတာပဲ"

"ခင်ဗျားတို့ ဘာမှမသိဘူးလား"ဟု လှဝင်းက မေးရာ နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက်ကြည့်လျက် စဉ်းစား၍နေကြပြီး . . .

mgyoe.com

"အောင်ကြီး မသေဘူး၊ ကြက်ဝိုင်းမှာ ရန်ဖြစ်ပြီး ဘိုနက်က ဓားနဲ့ ထိုးလို့ ဆေးရုံကျတော့ ခင်ဗျားမိထွေးကိုသတ်တာ ခင်ဗျားမဟုတ်ဘူး၊ သူပါပဲလို့ ထွက်တယ်၊ အခုတော့ သူ သက်သာလာပြီး မသေမှန်းသိရလို့ သူပြောတဲ့စကားကို သူ ပြန်ရုပ်သိမ်းချင်တဲ့ လက္ခဏာပေါ်နေတယ်၊ သူ ဘာပြောမိမှန်း မသိဘူးတဲ့၊ ဒီအတွက်ပါပဲ"

"ဒီလိုဖြင့် ကျွန်တော့်ကို ပြန်ဖမ်းတာပေါ့၊ ကျွန်တော့်ကို လွှတ်ပြီးမှ ဘယ့်နှယ် ပြန်ဖမ်းတာလဲ"

"ကိစ္စမရှိပါဘူး၊ သူ ထွက်တာက ထင်ရှားနေတယ်၊ သေသေချာချာ ရာဇဝတ်ရှေ့မှာ အစစ်ခံထားတာပဲ၊ သည့်အတွက် သူတော့ မလွတ်တော့ပါ ဘူး၊ ခင်ဗျားသက်သေပါ၊ တစ်ခုခု သိသလားလို့ မေးဖို့ပါပဲ"

"မေးဆို ကျုပ်လည်း ဘာမှမသိဘူး၊ ကျုပ်မသတ်ကြောင်းသာ သိ တာပဲ၊ မေးချင်ရင်လည်း မေးတာပေါ့၊ လိုက်ပါမယ်၊ ကျုပ်ကို ဆီးချုပ်မှာ သာ စိုးတာပဲ"

"မတော်တာဗျာ အထက်ရုံးကြီးက လွှတ်လိုက်တာပဲ ပြန်ဖမ်းရင် သူတို့ အရှုံးဖြစ်မှာပေါ့"

"ဒီအတိုင်း အမှန်ပဲလား"

"အမှန်ပါပဲ၊ သာပြီး ခိုင်လုံစိတ်ချရအောင် ခင်ဗျားကို ခေါ်တာပါ၊ သူ့ထွက်ချက်အရ၊ ပုလိပ်က စုံထောက်လို့ရထားတဲ့ အချက်တွေနဲ့ အကုန် ညီညွတ်နေပြီးပါ၊ သူငြင်းလို့ မရတော့ပါဘူး၊ ဝတ်ကျေဝတ်ကုန် ခင်ဗျားကို စစ်မှာပါ"ဟု ပုလိပ်က ပြောလေ၏။

လှဝင်းသည် စဉ်းစား၍နေလေ၏။ ပရိယာယ်ဉာဏ်ဆင်ကာ မိမိကို လွယ်ကူစွာပြန်၍မိအောင် အသာတရ ခေါ်ခြင်းဝေလား၊ ပြစ်မှုကို ဝန်ခံသူ က ပြန်၍ မိမိ၏စကားကို ရုတ်သိမ်းသည့်အတွက် မိမိကို ပြန်ဖမ်းခြင်းပင် ဖြစ်လေသလား၊ ဒီတစ်ခါ ပြန်၍ရုံးပေါ်ကိုရောက်ရလျှင် ကေန်ဒိဋ္ဌ စိတ်ချ လွှတ်တော့မှာမဟုတ်ဘူး၊ အဝိစိငရဲမင်းကြီးပင် တက်လာ၍ ပြစ်မှုကိုဝန်ခံ စေကာမူ ငါလွှတ်တော့မည်မဟုတ်၊ ကြိုးတိုင်ကိုသော်လည်းကောင်း၊

mgyee.com

mgyoe.com

တစ်ကျွန်းကိုသော်လည်းကောင်း ဒုတ်ဒုတ်ထိရောက်ရပေတော့မည်တကား။ မင်းပရိယာယ်ဆိုသည်မှာ လွန်စွာမှများတာမို့ လွန်စွာမှ စိတ်မချစရာကြီး ဖြစ်နေပါ ကရို စသည်မှာ လှဝင်းသည် တွေးတော ဆင်ခြင်လျက်အမျိုးမျိုး ထင်မြင်၍နေလေ၏။

"ဘယ့်နှယ်လဲ လှရေ၊ အခု လိုက်ခဲ့ရမယ်လို့ ခေါ်နေပြန်ပြီ၊ ဘယ်လို များသဘောရသလဲ၊ ကိုကိုတော့ အများကြီးစိတ်လေးတာပဲ"

"လှကသာပြီး စိတ်လေးတာပေါ့ ကိုကို၊ ဒီအစ်ကိုကြီးများ ပြောတာ တော့ဟုတ်ပါရဲ့၊ အစ်ကိုကြီးများလည်း ဒိဋ္ဌအမှန် ဘယ်လိုဖြစ်မယ်ဆိုတာ သိမှာမဟုတ်ပါဘူး၊ စိတ်အထင်ကို ပြောကြတာထင်ပါတယ် ကိုကိုရဲ့၊ ဘယ့်နှယ်လဲ အစ်ကိုကြီးရဲ့ ကျွန်မယောကျ်ားကို တကယ်အပြီး ပြန်များ ဖမ်းမှာလား၊ အစ်ကိုကြီးတို့ ဒိဋ္ဌသိရဲ့လား"ဟု ပုလိပ်အရာရှိနှစ်ယောက်ကို လှမေက မေးလေ၏။

"ကျုပ်တို့နှမ အခုပြောသလိုပါပဲ၊ နည်းလမ်းရှိသလောက် တွေးပြီး ထင်မြင်ချက်ကို ပြောရတာကိုး၊ ဒိဋ္ဌအမှန်ဆိုတာတော့ တရားဥပဒေကို ပိုမို သိကြတဲ့ အထက်လူကြီးများသာ သေသေချာချာ သိကြမှာပဲ"

"ဒီလိုဖြင့်လည်း အခက်သားပဲ ကိုကို၊ လှ အင်မတန်မှ စိတ်လေးတာ ပဲ၊ ကိုကိုနဲ့လှ တွေ့ရတဲ့ဒုက္ခတွေဟာ ဒီလောက်နဲ့ အစသတ်မှာမဟုတ်ဘူး၊ တွေ့စရာတွေရှိသေးတယ် ထင်တာပဲ"

"ကိုကိုလည်း ဒီအတိုင်းတွေးမိတာပဲ၊ လူ့ဘဝမှာ အဘယ်အရာနဲ့မှ မတူတဲ့ရတနာ၊ အဖိုးအထိုက်ဆုံးရတနာဟာ အခု ကိုကိုနဲ့လှ ဆုံစည်းရတဲ့ အချစ်မျိုးဟာမို့ သိန်းသန်းကုဋေရွှေငွေရတနာ စိန်ကျောက်တွေကိုတောင် လို ပုံပေးဖို့မဆိုထားနဲ့ နိဗ္ဗာန်နဲ့မျှ မလဲနိုင်တဲ့အချစ် ရတနာအစစ် ဖြစ်တာမို့ ဒီလောက်အဖိုးမဖြတ်နိုင်တဲ့ ရတနာကြီးကို အခုလို လွယ်လွယ်ကူကူ သက်သက်သာသာကလေးနဲ့ စိတ်ချလက်ချ ပိုင်ကြရမယ်ဆိုတာ ကိုကိုဖြင့် မယုံနိုင်အောင် ရှိတော့တာပဲ"

"ဟုတ်တယ် ကိုကို၊ ဒီတစ်ခါ ခွဲသွားရရင် ပြန်တွေ့ရလိမ့်မယ်လို့

mgyoe.com

လှစိတ်မှာ မထင်ဘူး၊ သည့်အတွက် အကြံရခက်တာပဲ၊ မင်းပရိယာယ်ဆို တာ သိဖို့အခက်သားပဲ၊ ဆင်းရဲသားတစ်ယောက်အပေါ်မှာ အပြစ်တစ်ခု ခုမြင်ရင် ကလေးအမိုက်အမဲကို လူကြီးလှည့်စားသလို လှည့်စားတတ် သည့်ပြင် 'ပုလိပ်ရှုပ်အချုပ်၊ အစိုးရမုန်း ကတုံး'ဆိုတာမျိုးမို့ လှဖြင့် အများကြီး မဝေးတတ်အောင် ရှိတာပဲ"

"ဟုတ်ကဲ့ မောင်လှဝင်းရေ၊ အကြောင်းမဲ့ ဝတ်ကျေဝတ်ကုန်မှု အတွက် သည်လောက်တောင် အပင်ပန်းခံပြီး လိုက်လာကြပါ့မလား"

"လိုက်ရတာက ကျုပ်တို့ ၁၉ ကျပ် ၁၂ ပဲ စားတွေပါခင်ဗျာ၊ အင်္ဂလိပ် အစိုးရကိုယ်တိုင်က အပင်ပန်းခံပြီး လိုက်တာမဟုတ်ပါဘူး၊ ကျွန်တော်တို့ လက်အောက်ငယ်သားများ လိုက်ရတာပါ၊ အရေးမကြီးပါဘူး၊ လိုက်သာ လိုက်ခဲ့ပါ" လှမေက . . .

"လိုက်သွားလို့ ကျွန်မယောက်ျား တစ်ခုခုဖြစ်ရင် ရှင်တို့ တာဝန်ခံမ လား"

"ခံပါ့မယ်ခင်ဗျာ၊ ဘာမှ မဖြစ်စေရပါဘူး၊ ဖြစ်ရင် ကျွန်တော်တို့ တာဝန်ပါ"

"တာဝန်ဆိုပါတော့ မောင်ရယ်၊ ကျုပ်တူ လူသတ်မှုနဲ့ ကြိုးပေးခံရပြီ ဆိုပါတော့ ... ဖွဟဲ့ ... လွဲပါစေ . . . ဖယ်ပါစေ၊ မောင်ရင်တို့က ဘယ်လို များတာဝန်ခံမှာလဲ"ဟု မိန်းမကြီးတစ်ယောက်က မေးလေ၏။

"ပြန်ပြောလိုက်ပါလား မောင်ရယ်၊ မောင်လှဝင်း တစ်ခုခုဖြစ်ရင် မောင်လှဝင်းအစား လှမေနဲ့အတူတူ လာနေပါ့မယ်လို့ ပြောလိုက်ပါလား၊ ဒါထက် တာဝန်ပိုခံနိုင်ဦးမှာလား"ဟု အခြားမိန်းမကြီးတစ်ယောက်က ပြောလေရာ အခြားတစ်ယောက်က ...

"အို ... ဒေါ်ဆားပွင့်ကလည်း ကြံကြံဖန်ဖန် ရှင်ပြောမှဖြင့် ဒီလိုချည့်ပဲ၊ ကျုပ်တူမ စိတ်မကောင်းအောင် မပြောပါနဲ့၊ သူ့ခမျာ စိတ်ပူနေရတဲ့အထဲမှာ"

"ကျုပ်တော့ ဒါပဲ ပြောတတ်တာပဲ၊ နို့ သူ့မိန်းမက တာဝန်ခံရမယ် ဆိုတာကို တာဝန်ဆိုသည်နည်းပဲ၊ ကျုပ်တော့ စိတ်ကူးလို့ရတာပဲ၊ ကိုင်း

mgyaw.com

mgyoe.com

မောင်လှဝင်း တစ်ကျွန်းသွားရပြီဆိုပါတော့၊ ဟောဒီက မောင်ရင်များက ဘာခံနိုင်များလဲ၊ လင်စားဝင်ခံရုံ တတ်နိုင်မှာမဟုတ်လား၊ နှစ်ယောက်စလုံး တာဝန်ခံရင် အမြတ်တောင်ရသေးရဲ့၊ ဒီနည်းအပြင် မောင်ရင်တို့ ဘာတတ်နိုင်မှာလဲ"

"အေးလေ ဒါလည်း ဟုတ်ပေသားပဲ ... တူမကြီးက တာဝန်ခံစေချင်တာကိုး၊ ဒီလမ်းရှိပေတာပဲ"ဟု တစ်ယောက်က ပြောလေ၏။

မောင်လှဝင်းမှာကား ပြုံးလျက်သာနေလေသတည်း။ ပုလိပ်သား တစ်ယောက်က လှဝင်းကိုကြည့်ကာ. . .

"တော်ကြပါခင်ဗျာ ... ကျုပ်တို့ မိတ်ဆွေကို အားနာစရာကောင်းပါတယ်၊ ကိုင်း . . . ဒါထက် ကျုပ်တို့တော့ တာဝန်အတိုင်း လာရတာပဲ၊ ခင်ဗျားကို အပါခေါ်ခဲ့ရမယ်တဲ့၊ မပါရင် အာဏာဖီဆန်မှု ဖြစ်နေမှာစိုးရ တယ်၊ လိုက်မယ် မလိုက်ဘူးဆိုတာသာ ပြောပါ၊ ကျုပ်တို့တော့ အတင်း လက်ထိတ်နဲ့ ခေါ်ရမယ်လို့ အမိန့်လည်းမပါ လက်ထိပ်လည်းမပါ ကောင်း ကောင်းမွန်မွန်ခေါ်ခဲ့ဖို့ အမိန့်ပါရှိတာပဲ"လှဝင်းက . . .

"ဘယ့်နှယ်လှရေ၊ ကိုကိုတော့ လိုက်ရလိမ့်မယ်ထင်တယ်ကွဲ့ လှရဲ့၊ မင်းအာဏာကို ဖီဆန်ရင် နောင်သာပြီး ဝန်လေးရုံရှိမှာပဲ"

"လှတော့ မလိုက်စေချင်ဘူး၊ ဘယ်မှာလဲ အမိန့်၊ ဒီလိုပဲ လူတကာက လိုက်ရမယ်ဆိုပြီး အစိုးရအမိန့်လို့ ပြောခေါ်တိုင်း လိုက်ရမှာဖြစ်ရင် ကာလမှာ မခက်ဘူးလား၊ မတူတရူ လူဆိုးလား လူကောင်းလားလည်း မသိဘူး၊ မတော်တဆ ပြန်ပေးနဲ့တွေ့နေရင် ဘယ့်နှယ်လုပ်မလဲ"

"မတော်တာ အမိရယ်၊ ကျုပ်တို့ အမှုထမ်းအစစ်ပါ၊ ပြန်ပေးမဟုတ် ပါဘူး၊ ကျုပ်တို့ အတင်းအဓမ္မလည်းမခေါ်နိုင်၊ မလိုက်ပါရင်လည်း တာဝန် ကျ၊ အခုမှ ဒုက္ခတွေ့တာပါပဲ၊ လိုက်ပါ မိတ်ဆွေ စိတ်သာချပါ၊ တစ်စုံတစ် ရာမျှ မဖြစ်စေရပါဘူး၊ အလွန်ဆုံးသက်သေပါ၊ ခုနင်က ပြောတဲ့အတိုင်းပါ ပဲ၊ တကယ်သာ မိတ်ဆွေမှာ အပြစ်မရှိရင် အစိုးရပဲခင်ဗျာ အခုလိုလာပြီး သာယာညင်းပျောင်း ခေါ်နေစရာရှိမှာလဲ၊ အခု လိုက်ခဲ့ဆိုပြီးနိုင်တဲ့ နည်းနဲ့

mgyoe.com

အကြမ်းခေါ်မှာပေါ့၊ အခုတော့ အရေးမကြီးလို့ သာသာကြည်ကြည် ခေါ်တာပါ" လှမေက . . .

"အမှန် ကျွန်မယောက်ျား တစ်စုံတစ်ရာမျှ မဖြစ်စေရဘူးဆိုတာ စိတ်ချရရဲ့လား"

"စိတ်ချရပါတယ်၊ မယုံရင် ကျုပ်နှမပါ စိတ်ချရအောင် လိုက်ခဲ့ပါ၊ မင်းမဲ့တိုင်းပြည် မဟုတ်ပါဘူး နှမကြီးရယ်၊ အင်္ဂလိပ်မင်းပိုင်နယ်မှာ တရားလက်လွတ်၊ ၄က်တောင်ကျွတ် အဘယ်အခါမျှ မလုပ်ရပါဘူး၊ ရုံးတစ်လုံးခားတစ်စင်းဆိုတာ ရှေးမြန်မာခေတ်စကားပါ၊ ငါ့ကျိုင်း ငါထင်သလိုဆိုတာ အခုအင်္ဂလိပ်မင်းလက်ထက်မှာ မရှိပါ . . ."ဟု ပြောလေ၏။

ထို့နောက် လှဝင်းနှင့် လှမေတို့ တိုင်ပင်ကြလေ၏။ သို့တိုင်ပင်ကြပြီးနောက် ပုလိပ်အရာရှိနှစ်ယောက်နှင့်အတူ မီးရထားလမ်း လက်ရှိမြို့နယ်ဌာနသို့ လိုက်ပါ၍သွားကြရ ပြန်လေ၏။ အဖော်မိန်းမကြီးငယ်အချို့လည်း လိုက်ပါကြလေ၏။

သို့သွားကြရာ၌ လှဝင်းက လှမေအား ရန်ကုန်မှာနေစဉ်က အဘယ်နည်းနှင့် မိမိတည်း၍နေသောအိမ်ကို တိတ်တဆိတ် ဝင်ရောက်ခဲ့သည့်အကြောင်းကိုမေးရာ လှမေက ငွေဟာ ဘာမဆိုဖြစ်စေနိုင်ကြောင်း၊ အိမ်ရှင်အမယ်ကြီးကို သိမ်ကြီးဈေးမှာရှာပြီး ငွေပေး၍ သော့ကိုရထားကြောင်း၊ သို့အတွက် ၎င်းအိမ်မှာ မိမိ၏အိမ်ကဲ့သို့ အဘယ်အခါမဆို ဝင်ပိုင်ထွက်ပိုင်ဖြစ်၍နေကြောင်းနှင့် ပြောလေ၏။

"ဒီအတိုင်းဖြင့် ကိုကို ဒီအိမ်မှာ နေကြောင်းသိတာ အတော်ကြာနေတာပေါ့"လှမေက . . .

"သေသေချာချာ မသိဘူး၊ ကိုကို အလုပ်တိုက်မှာ ပထမမြင်ရတယ်၊ သည်တုန်းက စမသက်ာဖြစ်ပြီး လိုက်ကြည့်လို့ ဟိုအိမ်မှာ ကိုကိုနေကြောင်း သိရတာပဲ"

"နို့ . . . ဘယ်နည်းနဲ့ ရန်ကုန်ရောက်လာပြီး စုံထောက်လုပ်တာမှာ ဘယ်သူက လမ်းပြသလဲ"

mgyoe.com